# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၁ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၈၃)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လာရုစ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**ရန်ကုန် ဧပြီ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြေလွတ်၊ မြေလပ်များရှာဖွေဖော်ထုတ်၊ ပြည်ပပို့ကုန်သီးနှံများ ဦးစားပေးစိုက်ပျိုး ထွက်ပေါ်လာသည့်သီးနှံများ ဈေးကွက်အကြိုက်ဖြစ်အောင် ထုတ်လုပ်ပြုပြင် ပြည်တွင်းပုဂ္ဂလိကစက်ရုံအလုပ်ရုံများ တိုးတက်ဖွံ့ဖြိုးလာအောင် အဆင့်မြှင့်ဆောင်ရွက်

**ရန်ကုန် မတ် ၃၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးသို့ တက်ရောက်၍ အသင်းဝင်ကုမ္ပဏီများက ခင်းကျင်းပြသထားသော မြန်မာ့ထွက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

**မြန်မာ့အလင်း**

**အင်တာနက် အထူးသတင်း နှင့် ဓာတ်ပုံအညွှန်း**

ဘာရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး အာကာသသို့ အောင်မြင်စွာ သွားရောက်၊ ဘရာဇီးအလံနှင့် ဘောလုံးအင်္ကျီယူဆောင်သွား။

အင်တာနက်အထူးသတင်း ဓာတ်ပုံ (စာ-၆)

အီရန် အနောက်ပိုင်း၌ ငလျင်ပြင်းထန်လှုပ်၊ လူ ၇၀ သေဆုံး၊ ၁၂၀၀ ဒဏ်ရာရ။

အင်တာနက်အထူးသတင်း နှင့် ဓာတ်ပုံ (စာ-၆)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁ ရက်)

## အရည်အသွေးမြင့်စက်ရုံများ တိုးချဲ့ထူထောင် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် စီမံကိန်း၊ စီမံချက်များ စနစ်တကျချမှတ်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံးရှိ နယ်မြေဒေသအသီးသီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူး ဒေသ ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ် စေတနာထားမှုတို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် ကွက်လပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ပြည်သူများကိုအကျိုးပြုသည့် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံအလုပ်ရုံများသည် အခြေခံကျကျ လက်ညှိုးထိုးမလွဲ ပေါ်ပေါက် လာလျက်ရှိသည်။ ယင်းအခြေခံကောင်းများကိုအသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဖော်ဆောင်သွားကြရမည် ဖြစ်သည်။

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း စက်ရုံဖွင့်ပွဲအခမ်းအနားများကို မတ်လ ၂၀ရက်နေ့ကကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်ခဲ့သည်။

လျှပ်စစ်မော်တာ ထုတ်လုပ်ရေးစက်ရုံအနေဖြင့် လျှပ်စစ်မော်တာ၁၃မျိုးကို တစ်နှစ်လျှင် အလုံးလေးသောင်းခန့် ထုတ်လုပ်နိုင်မည် ဖြစ်သည်။ အလားတူ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံမှလည်း လယ်ထွန်စက်၊ တီအီးကားနှင့် ဂျစ်ကားများအတွက် မော်တာများနှင့် ဓာတ်ဆီသုံးမော်တော်ယာဉ်များအတွက် ကွိုင်နှင့်ပန့်များကို ထုတ်လုပ်သွားမည် ဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အင်းတကော်စက်မှုနယ်မြေကို ထူထောင်ရာတွင် သံဘီးခွေ၊ ရေတိုင်ကီ၊ သတ္တုဘြယ်ယာရင်၊ အင်းလက်နှင့် အိပ်ဇောဘား၊ ဘောဘယ်ယာရင်၊ အလူမီနီယမ်ဝါယာကြိုးများထုတ်လုပ်ရန်၊ လက်တွန်းထွန်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်များတွင် တွဲဖက်အသုံးပြုမည့် မြင်းကောင်ရေ ၁၈ကောင်အား ဒီဇယ်အင်ဂျင်များထုတ်လုပ်ရန်၊ လျှပ်စစ်မော်တာ၊ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အင်းတကော်စက်မှုနယ်မြေအတွင်း သံဘီးခွေစက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘြယ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက်အင်ဂျင်စက်ရုံ၊ အင်းလက်နှင့် အိပ်ဇောဘားစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ၊ သံရည်ကျိုစက်ရုံ၊ အလူမီနီယမ်ဝါယာကြိုးထုတ်လုပ်ရေးစက်ရုံတို့၌ စက်ပစ္စည်းများ ထုတ်လုပ်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍအတွက် စက်ကိရိယာပစ္စည်းများ မလွဲမသွေ ဖြည့်ဆည်းထုတ်လုပ်ပေးရန်လိုပေသည်။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို တိုးတက်ထုတ်လုပ်ပေးရမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်၌ စက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် စက်မှုအခြေခံလုပ်ငန်းများကို ကြိုးပမ်းထူထောင်လျက်ရှိသည်။ အထူးသဖြင့် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံစက်မှုလုပ်ငန်းများအပါအဝင် ဈေးကွက်ရှိသော စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရည်အသွေးမြင့် စက်ရုံများစွာကို ရင်းနှီးမြှုပ်နှံတိုးချဲ့ ထူထောင်ပေးလျက်ရှိရာ သက်ဆိုင်ရာ စက်ရုံများအနေဖြင့် အရည်အသွေးမီ ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်

## စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၃၁

**၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာဖြင့် စနစ်တကျ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။**

### တာဝန်ယူဆောင်ရွက်

ရှေးဦးစွာ ၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စနစ်တကျဖြင့်စည်ကားသိုက်မြိုက်စွာကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ယခင်နှစ်များနည်းတူ ရေကစားမှု၊ ဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီ အသီးသီးက စနစ်တကျဖြင့် တာဝန်ယူဆောင်ရွက်ရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျင်းပရေး ကော်မတီ အတွင်းရေးမှူး စီမံရေးရာဌာန ဌာနမှူးဦးကျော်မင်းက လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖွင့်ပွဲပိတ်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ရေကစားမှု စီစဉ်ရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ယာဉ်ကြောထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုရရှိသူများ စုစည်းရေးလုပ်ငန်းကော်မတီ၊ အကဲဖြတ်လုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများက မိမိတို့ လုပ်ငန်းများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်ရေး

ယင်းနောက် ၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြို့တော်နေပြည်သူအများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီအသီးသီးက ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**အမှတ် (၁၀၇)၊ လသာလမ်း လသာမြို့နယ်နေဦးယုကြည်-ဒေါ်ကျင်ဥ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။**

(က-ပ)

# သန်လျင် ဖားအောက်တောရ တရားစခန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း သန်လျင်မြို့ ကျိုက်ခေါက်စေတီအနီး သီလဝါလမ်းမပေါ်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာတွင် သင်္ကြန်တရားစခန်းကို ဧပြီ၁ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဖားအောက်တောရဆရာတော်၊ ရှေဦးဆရာတော်၊ ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိ ကဓဇ)တို့က ဝိပဿနာတရားနှင့် အဘိဓမ္မာတရားတို့ကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများသည် ဧပြီ ၁၀ရက် ညနေ၆နာရီ အရောက် လာရောက်ကြရန်နှင့် ဖုန်း-၀၅၆-၂၁၈၂၇သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# မြဝတီရုပ်မြင်သံကြား

**၁-၄-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅ ၇။ ခါသင်္ကြန်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"မြန်မာပြည်သား အရှင်ပုဏ္ဏ"**

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ မြန်မာ့ရှုခင်း
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ပြေးသာပြေးပါ"** (အပိုင်း-၁)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၅။ ခါသင်္ကြန်အဆိုအကများ
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ ဆပ်ကပ်
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၁၂)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲအစီအစဉ် Newcastle United Vs Tottenham Hotspur (Delay)

# ကောင်းကင်သစ် စေတီတော်

( က )

သဘာဝကောင်းကင်အောက်မှာ ကောင်းကင်သစ်တစ်ခု ဖြစ်ထွန်းလာလျက်ရှိ၏။ သဘာဝကောင်းကင်က အပြာရောင်ဖြစ်သော်လည်း ယခုကောင်းကင်သစ်က ရွှေရတနာအရောင် ရွှေဝါရောင်ဖြစ်၏။ သည်ရွှေဝါရောင်ကောင်းကင်သစ်က သန္တိသုခံ (အေးငြိမ်းချမ်းသာ)ကို ပေးအပ်လျက်ရှိ၏။

မှန်းမျှော်ကြည့်ပါဘိ။ အဋ္ဌဂံပုံကုန်းမြင့်ပေါ်သို့ အရှေ့အရပ်ဘက် သရက်ကင်းလှေကားထစ်များပေါ်မှ ဖြတ်ကျော် တက်လှမ်းလိုက်လျှင် အဋ္ဌဂံပုံပင်ဖြစ်သော အမြင့်ပေ၂၀ရှိ ပန်းတင်ခုံထက်၌ ရွှေတိဂုံပုံတူ စေတီတော်ကို ဖူးမြင်ရသကဲ့သို့ ပန်းတင်ခုံအတွင်း ဝင်နိုင်သော ပန်းပေါင်တံခါးမှ အတွင်းသို့ဝင်လိုက်လျှင် ဟင်းလင်းပြင်ထဲ ရောက်သွားသလို ခံစားရမည်။ တရွေ့ရွေ့ တိုးလှမ်းသွားလေလေ ဟင်းလင်းပြင်က ကျယ်လာလေလေ ခံစားရမည်။ ဟင်းလင်းပြင်သို့ မော့ကြည့်လိုက်လျှင် ရွှေရတနာအရောင် ရွှေဝါရောင်တို့ဖြင့် ပြောင်တဝင်းဝင်း လင်းတထိန်ထိန် မျက်စိစိမ်းနိုင်ကြမည်။

သဘာဝကောင်းကင်ပြာက မြေပြင်ပေါ် အုပ်မိုးထားသောအသွင် ပန်းတင်ခုံအတွင်းလိုဏ်ကို တိုင်တစ်လုံးမျှမခံဘဲ စက်ဝိုင်းတစ်ဝက်သဏ္ဍာန် (သို့မဟုတ်) ဂ အက္ခရာသဏ္ဍာန် အဆင့်မြင့် နည်းပညာဖြင့် တည်ဆောက်ထားခြင်းဖြစ်သောကြောင့် ကောင်းကင်သစ်သဖွယ် တည်ရှိနေခြင်းဖြစ်တော့သည်။ ယင်းကောင်းကင်သစ် တစ်ပြင်လုံးကို ရွှေရတနာရောင်တို့ဖြင့် ခြယ်သထားခြင်းကြောင့် ရွှေဝါရောင်ကောင်းကင်သစ်အဖြစ် ထွန်းသစ်လာလျက် ရှိတော့သည်။ ယင်းကောင်းကင်သစ်၏ မိုးကုပ်စက်ဝိုင်းပတ်ပတ်လည်၌ အရပ်ရှစ်ဖက်သို့ မျက်နှာတော်မူကာ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ စံပယ်တော်မူလျက်ရှိရာ ရုပ်ပွားတော်တို့မှ ကွန့်မြူးသော ရွှေရတနာရောင်နှင့် ကောင်းကင်သစ်၏ ရွှေဝါရောင်တို့သည် အရောင်ချင်းယှက် ပြိုးပြိုးပျက်နေတော့ရာ လာရောက်ဖူးမြော်သူ လူသားကိုယ်တိုင်ပင် တဒင်္ဂကာလ ရွှေမနုဿ ဖြစ်လာရလေတော့၏။

အရှေ့အရပ်ဘက် မျက်နှာမူကာ စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓကိုယ်ပွားရုပ်ပွားတော်၏ လက်ယာဘက်လက်တော်၌ အငြိမ်း ဓာတ်ပြဒြပ်သဏ္ဍာန်တစ်ခုကို လက်မတော်နှင့် လက်ညှိုးတော်တို့ဖြင့် ကိုင်စွဲကာ လာရောက်ဖူးမြော်သူတို့အား ပေးသနားစွန့်တော်မူမည့်ဟန် ထင်ဟပ်လျက်ရှိ၏။ ထို့ကြောင့်ပင် ဖူးမြော်သူနှလုံးသားသို့ အငြိမ်းဓာတ်သက်ဝင်ကာ ပူပင်ခပ်သိမ်း ချုပ်ငြိမ်းကင်းပ အေးမြသော ပဿဒ္ဓိ ဖြစ်ရှိခံစားရလေတော့၏။

အရပ်ရှစ်မျက်နှာ သတ္တဝါအနန္တ ဘေးဘယကင်းကွယ် အန္တရာယ်ကင်းပအောင် အမတမြတ် အငြိမ်းဓာတ်ကို ပေးအပ်စွန့်သနားတော်မူသော ရှစ်ဆူရုပ်ပွားများမှ ငွားငွားစွင့်ကွန့်မြူးသည့် ရောင်ရွှေရတနာတို့သည် အရပ်ရှစ်မျက်နှာ ဖြန့်ကာတက်သွားသော် ရွှေဝါရောင်ကောင်းကင်သစ်က နှစ်သက်ကြည်ညိုစွာ ခံယူဖြန့်ကြက်လိုက်သည့် တဒင်္ဂဝယ် လောကအလုံး ရွှေရောင်ဖုံးမြင်ကွင်း ရင်တွင်း၌ ကြည်ညိုရွှန်းစိုသော သဒ္ဓါစိတ်ဖြင့် "ကောင်းကင်သစ်စေတီ"ဟု ရင်တွင်းဖြစ် ဘွဲ့ချီပူဇော်အပ်ပါသော ဤစေတီမြတ်၏ မူလဘွဲ့နာမတော်မှာ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် ဖြစ်ပါသည်။

( ခ )

ယင်းမဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတည်ရှိရာ နေရာသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း ဝိကာသိနီကုန်းတော်ဖြစ်၏။ ရှမ်းပြည်နယ်တောင်ကြီးမြို့မှ ပြည်ထောင်စု လမ်းမကြီးအတိုင်း အရှေ့တောင်ယွန်းယွန်းသို့ မော်တော်ယာဉ်ဖြင့်လာလျှင် ဟိုပုန်းမြို့၊ မိုင်းပွန်မြို့နှင့် လွိုင်လင်မြို့များကိုဖြတ်ကာ နှစ်နာရီကျော်ကျော်အချိန်အတွင်း ပင်လုံမြို့သို့ ရောက်ရှိနိုင်၏။ တစ်နည်းပြောရလျှင် တောင်ကြီးမြို့မှ နေ့ချင်းပြန် ဘုရားဖူးနိုင်ပါ၏။

ယခင်တစ်ချိန်တုန်းကဆိုလျှင် နေ့ဝက်ကျော် အချိန်ကုန်ရသော ဤခရီးသည် ယနေ့သော် တောင်တက်လမ်းများ ကျယ်ပြန့်လာခြင်းနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာခြင်းတို့ကြောင့် အချိန်တိုခရီးရောက် ဖြစ်လာလျက်ရှိနေလေပြီ။ ထို့အပြင် ယခင်တစ်ချိန်တုန်းက လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် ဤလမ်းတစ်လျှောက်၌ သွေးစေးတွေ မခြောက်ခဲ့ပေမင့် ငြိမ်းချမ်းရေးရောင်ခြည် တောက်လာသော ယနေ့ဝယ် နေ့နေ့ညည စိတ်ချစွာ သွားလာနိုင်နေပြီလည်း ဖြစ်၏။

ယင်းသို့သော ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းလာအောင် တပ်မတော်အစိုးရသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ရွှေလက်ဖြင့် ခေါ်ဆောင်ခဲ့ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး(၅)ရပ် လုပ်ငန်းစဉ်တို့ဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်လာစေရန် အားသန်မာန်ထား ကြိုးစားဖြည့်ဆည်းပေးခဲ့လေ၏။

ထို့ကြောင့်ပင် ဤဒေသတစ်ခွင်ဝယ် ယခုအခါ ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာ ကောလိပ်တို့၌ အဆင့်မြင့်ပညာရပ်များကို ဒေသခံပြည်သူများ၏ ရင်သွေးရတနာများ အလွယ်တကူ သင်ယူခွင့်ရရှိလာခြင်း၊ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝခံယူရရှိလာခြင်း၊ လမ်းများအဆင့်မြှင့်ပေးမှုနှင့် တံတားကြီးငယ်များ လိုအပ်သလို တည်ဆောက်ပေးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကာ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊အရှေ့ပိုင်း) မည်သည့်ပိုင်းသို့မဆို လွယ်ကူစွာသွားလာနိုင်ခြင်း၊ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းစခန်း တည်ဆောက်ပေးမှုကြောင့် စက္ကန့်ပိုင်းအတွင်း နိုင်ငံရပ်ခြားသို့ စကားဆက်သွယ် ပြောဆိုလာနိုင်ခြင်း၊ ဝမ်ပုံဆည် (နမ့်စန်မြို့) မြစ်ရေတင်စီမံကိန်း (လင်ခေးမြို့)တို့ကို တည်ဆောက်ပေးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ကျယ်ပြန့်လာသလို သန့်ရှင်းသော သောက်သုံးရေ အလျှံပယ်ရရှိလာခြင်း၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း (ကျိုင်းတောင်း) ပြီးစီးသွားလျှင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း ကျေးရွာများအထိ ရေအားလျှပ်စစ်ရရှိကာ လျှပ်စစ်ဖြင့် စီးပွားဥစ္စာ

## ရတနာစည်ဆရာတော် (လွိုင်လင်)

တိုးတက်အောင် ဆောင်ရွက်နိုင်မည့် အနာဂတ် အလင်းတန်းဖြစ်လာလျက်ရှိခြင်း စသည်ဖြင့် တပ်မတော်အစိုးရ စေတနာဓာတ်၏ ဒြပ်ပုံအထုအထည်တို့ကြောင့် ရှမ်းပြည်နယ်တစ်ခွင်လုံး တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခုဆက်လက်၍ လွတ်လပ်ရေးသန္ဓေ ပြည်ထောင်စုအောင်မြေဖြစ်သည့် ပင်လုံဒေသဝယ် ပြည်ထောင်စုကျောက်တိုင်နှင့်အတူ ဘာသာသာသနာ၏ ကျောက်တိုင် သဖွယ်ဖြစ်သော စေတီတော်တစ်ဆူ တည်ထားကိုးကွယ် ပူဇော်ရေးစီမံကိန်း ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**"မြန်မာနိုင်ငံ လွတ်လပ်ရေးခရီးတစ်လျှောက် မိမိနိုင်ငံ မိမိလူမျိုးအကျိုးစီးပွားအလို့ငှာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ရိပ်ကွန်းအဖြစ်လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအားလုံးအတွက် နိစ္စဘတ်ကုသိုလ်ဒြပ်အဖြစ် လည်းကောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ပြည်ထောင်စုစိတ်ဓာတ် ကြေးမုံပြင်အဖြစ်လည်းကောင်း၊ လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးအတွက် အမြတ်ဆုံးကိုးကွယ်ရာ ဒြပ်ပုံအဖြစ် လည်းကောင်း ထင်ဟပ်မြဲတည်နေမည့် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ပူဇော်ရန်"**

လမ်းညွှန်ခဲ့သည်နှင့်အညီ တပ်မတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စေတီတော်တည်ထား ကိုးကွယ်ပူဇော်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးဖွဲ့စည်း၍ စေတီတော်တည်ဆောက်ရေးအပိုင်းကို အေးရှားဝေါ(လ်)ကုမ္ပဏီကတာဝန်ယူ၍ အဆင့်မြင့်နည်းပညာပိုင်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လိုအပ်သလိုကူညီလျက် ဆောင်ရွက်ခဲ့ကြရာ လုပ်ငန်းအလုံးစုံ ဥသျှံအောင်မြင် အောင်ပွဲဆင်နိုင်ကြပါပြီ။

( ဂ )

ဥသျှံအောင်မြင် အောင်ပွဲကြီးဆင်ရာ၌ ဌာပနာတော်သွင်းပွဲနှင့် ရွှေထီးတော်တင်ပွဲဟု နှစ်ပွဲနှစ်ကျော့ဆောင်ရွက်ကြမည်ဖြစ်ရာ အလယ်ဌာပနာတော်သွင်း မင်္ဂလာ၊ ပန်းလယ်တိုင်စိုက်ထူမင်္ဂလာ၊ အထက်ဌာပနာတော်သွင်းမင်္ဂလာ မင်္ဂလာသုံးရပ် ဆက်စပ်ဆင်နွှဲသော ပထမအောင်ပွဲကို ၅-၂-၂၀၀၆ ရက်မြတ်မင်္ဂလာ နံနက်နေတက်ချိန်ဝယ် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပြည်နယ် သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်များနှင့် ပင့်သံဃာတော် ၄၅ ပါးတို့အားပင့်ဆောင်လျက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကိုယ်တိုင် ဖြိုင်ဖြိုင်ဖြိုးရွှာ စေတနာဖြင့် ကမ္ဘာမိုးမြေတည်နေသမျှ ဗုဒ္ဓသာသနာ တည်စိမ့်ငှာလျှင် သဒ္ဓါထက်သန် လက်လက်လျှံရင်း ဒေသခံပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါပြီ။

အရုဏ်ဦးကာလမှစ၍ သက်တော်ထင်ရှား မြတ်ဘုရားသို့ရည်မှန်းလျက် အရုဏ်ပူဇာအဖြစ် အာမိသ၊ ဓမ္မတို့ဖြင့်ပူဇော်ခြင်း၊ ညကျိန်းပင့်ဆောင်ထားသော ဆရာတော် ၄၅ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီး မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်သို့ ပင့်ဆောင်ကာ ဂန္ဓကုဋိတိုက်ဖြစ်သော စေတီအတွင်းလိုဏ် ကောင်းကင်သစ်အောက်၌ တိုင်းမှူးနှင့် ဇနီးအမှူးပြုသည့် ဥပါသကာ၊ ဥပါသိကာမတို့က သရဏဂုံ သီလခံယူဆောက်တည်ကြခြင်း စသော ရှေးဦးပြုဖွယ်ကိစ္စများနှင့်တကွ တိုင်းမှူးကိုယ်တိုင် အလယ်ဌာပနာတော် သွင်းလှူပူဇော်ခြင်း၊ ပန်းလယ်တိုင်စိုက်ထူပူဇော်ခြင်း၊ အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်းတို့ကို ချွတ်ယွင်းချက်မရှိ ပကတိစင်ကြယ် တင့်တယ်ကောင်းမွန်စွာ ဆောင်ရွက်အောင်မြင်ပါသည်။

ဤအခမ်းအနားကြီး အစမှအဆုံး အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယ(M.A)အရှင်မြတ်ဦးဆောင်လျက် ဗုဒ္ဓဝင်၊ ထူပဝင် စသောကျမ်းများ၊ သတ္တုရုပကဝိလာသိနီကျမ်း၊ ပဋိမာကျမ်း၊ ဗိသုကာကျမ်းများ၌ လာရှိသည့် ရှေးစံနှုန်းထုံးတမ်းများနှင့် ညီညွှတ်အောင် ဆောင်ရွက်ပေးခြင်း၊ ဝေယျာဝစ္စပိုင်းအနေဖြင့် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၊ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး အမှူးပြုသည့် တပ်မတော်သားများ၊ လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသုတဖေ အမှူးပြုသည့် တာဝန်ရှိပုဂ္ဂိုလ်များ ဦးဆောင်သော ကော်မတီများက တက်ကြွစွာဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများကလည်း ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြခြင်းတို့ဖြင့် ဌာပနာတော်သွင်းမင်္ဂလာ ကောင်းစွာအောင်မြင် အောင်ပွဲဆင်နိုင်ပါပြီ။

အောင်ပွဲဆင်အထိမ်းအမှတ်အဖြစ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် အထက်ဌာပနာတိုက်ကိုပိတ်၍ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ပြီးသည်နှင့် တစ်ပြိုင်နက် အထက်ဌာပနာတိုက် ငြမ်းထက်မှ ရွှေမိုးငွေမိုး သွန်းဖြိုးရွာချသောအခါ ငွေပွင့်ငွေပေါက်များမှာ လေအဟုန့်တွင် ဝေ့၍ပျံလိုက်၊ လေအဆွဲတွင် ဝဲ၍ကျလိုက်ဖြင့် ရွှေမိုးခံ ပရိသတ်ကြီးအပေါ် ဖျန်းပက်လျက် ရှိပါတော့၏။

(ဃ)

**မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကို အဝေးမှဖူးမြော်လျှင် ရွှေတိဂုံစေတီတော်ကြီးအသွင် ဖူးမြင်ရပါ၏။ အဋ္ဌဂံ ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်ဖူးမြော်လျှင်မူ ကောင်းကင်သစ်စေတီအသွင် ဖူးမြင်ရမည် မုချဖြစ်၏။ မြန်မာနိုင်ငံ၌ ပထမဦးဆုံး အဆင့်မြင့်နည်းပညာဖြင့် အတွင်းလိုဏ်ကို တည်ထားသောကြောင့် ဖြစ်ပါ၏။**

အပြာရောင်ကောင်းကင်သည် ဘယ်အနာဂတ်ကာလမှာမှ ပြိုကျပျက်စီးလိမ့်မည်မဟုတ်။ အက်ကွဲခြင်း၊ ပေါက်ပြဲခြင်း အလျှင်းမရှိသာဖြစ်၏။ ယင်းဂုဏ်ရည်တို့ဖြင့် အပြာရောင်ကောင်းကင်က ရွှေဝါရောင်ကောင်းကင်သစ်စေတီကို ဦးချိပူဇော်နေရကား **ကောင်းကင်သစ်စေတီတော်** စံပျော်တည်ရာ ပြည်မြန်မာသည်လည်း ဘယ်ခါကာလမဆို ပြိုခြင်း၊ ပျက်ခြင်း၊ အက်ခြင်း၊ ကွဲခြင်း အလျှင်းမရှိ အဘိသာမဂ္ဂီ စီရရီစွင့်ကား မြင့်မားကျယ်ပြောလျက်သာ ရှိနေလေတော့သတည်း။ ။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကို အဝေးမှဖူးမြော်လျှင် ရွှေတိဂုံစေတီတော်ကြီးအသွင် ဖူးမြင်ရပါ၏။ အဋ္ဌဂံ ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်ဖူးမြော်လျှင်မူ ကောင်းကင်သစ်စေတီအသွင် ဖူးမြင်ရမည် မုချဖြစ်၏။ မြန်မာနိုင်ငံ၌ ပထမဦးဆုံး အဆင့်မြင့်နည်းပညာဖြင့် အတွင်းလိုဏ်ကို တည်ထားသောကြောင့် ဖြစ်ပါ၏။

# တရုတ်၏ အဆင့်မြင့်နည်းပညာ ထုတ်ကုန်တင်ပို့မှု ၂၀၀၆ခု ပထမနှစ်လအတွင်း ဒေါ်လာ ၃၅ ဘီလီယံကျော်ရရှိ

ပေကျင်း မတ် ၃၀

တရုတ်နိုင်ငံ၏အဆင့်မြင့်နည်းပညာထုတ်ကုန်တင်ပို့မှုသည် ၂၀၀၆ ခုနှစ် ပထမနှစ်လအတွင်း ၃၆ ဒသမ ၆ ရာခိုင်နှုန်းမှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၇ ဘီလီယံအထိ တိုးတက်ခဲ့ကြောင်း မတ် ၂၉ ရက်က ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်လုံခြုံရေးဂျာနယ်က ဖော်ပြသည်။

**အဆင့်မြင့်နည်းပညာ**

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာထုတ်ကုန်တင်ပို့မှုသည် နိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ ၃၀ ရာခိုင်နှုန်း ရှိလာခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။

**မြင့်တက်ခဲ့**

ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံ၏ ဆဲလ်ဖုန်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံဖိုးရှိပြီး ဆဲလ်ဖုန်း အစိတ်အပိုင်းများ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံဖိုး ရှိကာ နှစ်အလိုက် ၆၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၈၀ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်။

ယင်းလနှစ်လတွင် တရုတ်နိုင်ငံ၏ လက်ဆွဲကွန်ပျူတာ တင်ပို့မှုမှာ ဒေါ်လာ ၄ ဒသမ ၆၃ ဘီလီယံဖိုး ရှိပြီး နှစ်အလိုက် ၈၀ ဒသမ ၆ ရာခိုင်နှုန်းစီ တိုးတက်ခဲ့သည်။

**တိုးတက်**

တရုတ်နိုင်ငံသည် အယ်လ်စီဒီ ရုပ်မြင်သံကြားစက်များ၊ လေယာဉ်နှင့် အာကာသနည်းပညာထုတ်ကုန်များနှင့် အလိုအလျောက် ဓာတ်ပုံကူးစက်များ တင်ပို့မှုတွင်လည်း တိုးတက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံလုပ် ကွန်ပျူတာများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားလူ့အခွင့်အရေးဆိုင်ရာဝေဖန်မှု ဝန်ကြီးချုပ် ဟွန်ဆန် တုံ့ပြန်ပြစ်တင်

ဖနောင်ပင် မတ် ၃၀

**ကမ္ဘောဒီးယားအစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာစံနှုန်းနှင့်ပတ်သက်၍ အပြစ်ရှာဝေဖန်ခဲ့သည့် ကုလသမဂ္ဂဆိုင်ရာ သံတမန်တစ်ဦးအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်က ပစ်ပစ်ခါခါတုံ့ပြန်ပြစ်တင်ပြောကြားလိုက်သည်။**

ကင်ညာနိုင်ငံမှ ရှေ့နေတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂ ဆိုင်ရာ သံတမန်လည်း ဖြစ်သူ ယပ်ချ်ဂျိုင်သည် မတ် ၂၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ၁၀ရက်ကြာ ခရီးစဉ် ပြီးဆုံးသွားခဲ့သည်။

**ပြောကြား**

၎င်းက ကမ္ဘောဒီးယားအစိုးရသည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ အာမခံချက်မရှိကြောင်း၊ အာဏာကို တစ်ဦးချင်းစီအလိုက် ဗဟိုကချုပ်ကိုင်ထားကြောင်း မတ် ၂၈ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်။

မစ္စတာဂျိုင်သည် စိတ်ဖောက်ပြန်နေပြီး ကုလသမဂ္ဂ ကိုဖီအန်နန်က ၎င်းကို အလုပ်မှ ဖြုတ်ပစ်သင့်ကြောင်း မစ္စတာဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ဝန်ထမ်းသည် ရေရှည် အလည်အပတ်အဖြစ်သာ ရောက်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မစ္စတာ ကိုဖီအန်နန်သည် ၎င်းကို ဖယ်ရှားရန်သင့်ကြောင်း၊ ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံအကြောင်းကို ဘာမျှမသိကြောင်း၊ ယခုကဲ့သို့ စကားမျိုးကို ပြောရန်သာ ရောက်လာခြင်းဖြစ်ကြောင်း၊ မိမိသည် ၎င်းနှင့်မည်သည့်အခါမျှ ထပ်မံတွေ့ဆုံမည် မဟုတ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**တွေ့ဆုံ**

၎င်းသည် လူဦးရေ ၅၀ ရာခိုင်နှုန်းကျော် ဆင်းဆင်းရဲရဲဖြင့် နေထိုင်နေကြသည့် ၎င်း၏ ကင်ညာနိုင်ငံအကြောင်းကိုပင် မသိရှိကြောင်း၊ ယခုတစ်ကြိမ်တွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်က ၎င်းကို တွေ့ဆုံသည်မှာ ၎င်းအဖို့ ကံကောင်းကြောင်း၊ နောက်တစ်ကြိမ် ဖြစ်လာရန် အကြောင်းမရှိကြောင်း မစ္စတာဟွန်ဆန်က ပြောကြားသည်။ **(အင်တာနက်)**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်နေ

မနီလာ မတ် ၃၁

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ပြည်တွင်းရေကြောင်း ဆိပ်ကမ်းတစ်ခုတွင် ရဲတပ်ဖွဲ့ဝင်များ ဗုံးအနံ့ခံခွေးများကို အသုံးပြု၍ ခရီးသည်များ၏ အိတ်များအား မတ် ၃၀ရက်က ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။** (ယာပုံ)

ယခုရက်သတ္တပတ် အတွင်းက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နိုင်ငံ၏ လုံခြုံရေးကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

တနင်္လာနေ့က ဂျိုလိုကျွန်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူငါးဦး သေဆုံးကာ ၁၇ဦး ဒဏ်ရာရရှိခဲ့သည်။

ဒုတိယအကြိမ် ဗုံးပေါက်ကွဲမှုသည် ဗုဒ္ဓဟူးနေ့က မင်ဒါနာအိုကျွန်းရှိ ခရီးသည်ဘတ်စ်ကားမှတ်တိုင်တွင် ပေါက်ကွဲခဲ့ပြီး လူ၁၇ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

**(အင်တာနက်)**

# ရာသီဥတုပူနွေးမှုကြောင့် ဆီးနှင်းများအရည်ပျော် ချက်နိုင်ငံရှိ မြစ်များ၌ မြစ်ရေများမြင့်တက်လာနေ

ပရာ့ဂ် မတ် ၃၁

**ချက်နိုင်ငံ ဗီရမ်နို့နက်ဒီဂျီမြို့ရှိ မြစ်များအတွင်း၌ မြစ်ရေမြင့်တက်လာပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည်ကို မတ် ၃၀ရက်က တွေ့ရှိခဲ့ရခြင်းဖြစ်သည်။** (အပေါ်ပုံ)

**မြင့်တက်**

ချက်နိုင်ငံတစ်ဝန်းရှိ မြစ်များတွင် မိုးရွာသွန်းမှုနှင့် ရာသီဥတုပူနွေးမှုကြောင့် ဆီးနှင်းများ အရည်ပျော်ကာ မြစ်ချောင်းအတွင်းတွင် မြစ်ရေများ လျင်မြန်စွာ မြင့်တက်လာခဲ့သည်။

**ပျက်စီးဆုံးရှုံး**

ဒေသဆိုင်ရာအာဏာပိုင်များသည် ၂၀၀၂ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်ပေါ်ခဲ့သော ရေကြီးမှုမျိုး ထပ်မံဖြစ်လာမည်ကို စိုးရိမ်သောကြောင့် တားဆီးကာကွယ်မှုများ ပြုလုပ်လျက်ရှိသည်။ ၂၀၀၂ခုနှစ်က ရေလွှမ်းမိုးခဲ့မှုကြောင့် ချက်နိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး လူအနည်းဆုံး ၁၆ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## အမြီးပေါက်နေသော ဘဲဥ

**အမြီးပေါက်နေသော ဘဲဥ တစ်လုံးကို တွေ့ရစဉ်။** (အောက်ပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ မွေးမြူရေးခြံတစ်ခြံတွင် တခြားဘဲဥများနှင့်မတူဘဲ တစ်မူထူးခြားစွာ အမြီးပေါက်နေသော ဘဲဥတစ်လုံးကို တွေ့ရှိခဲ့သည်။ ယင်းဘဲဥသည် အလေးချိန် ၆၃ ဂရမ်လေးပြီး အမြီးသည် ၆ စင်တီမီတာ အရှည်ရှိသောကြောင့် ထူးဆန်းအံ့သြဖွယ် ဖြစ်နေကြသည်။ **(အင်တာနက်)**

## ဂင်းနက်စ်မှတ်တမ်းဝင်သည့် ဘူဖေးစားပွဲ

**ဂင်းနက်စ် မှတ်တမ်းစံချိန်ဝင်ခဲ့သော ကမ္ဘာတွင် အမျိုးပေါင်း များစွာပါဝင်သော ဘူဖေး စားသောက်ပွဲကြီးကို တွေ့ရစဉ်။** (အပေါ်ပုံ)

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂက်စ်မြို့တွင် ကျင်းပသည့် ဘူဖေး စားသောက်ပွဲတွင် စားသောက်ဖွယ်ရာ အမျိုးပေါင်း ၅၁၀ ပါဝင်ခဲ့သဖြင့် ဂင်းနက်စ်မှတ်တမ်း စံချိန်ဝင်ခဲ့သည့် ဘူဖေးစားသောက်ပွဲကြီး ဖြစ်ခဲ့သည်။ **(အင်တာနက်)**

# အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးမှုမှ ကာကွယ်ရန်

## တရုတ်ကလေးငယ်များအတွက် ကာတွန်းရုပ်ရှင်များဖန်တီးထုတ်လုပ်မည်

ပေကျင်း မတ် ၃၁

**တရုတ်နိုင်ငံ ဟန်ကျိုပြည်နယ် အမျိုးသားအနုပညာဌာန၏ မီဒီယာနှင့် ကာတွန်းရုပ်ရှင်များ ဖန်တီးမှု သင်တန်းကျောင်း သင်တန်းခန်းမတွင် ကျောင်းသားတစ်ဦးအား ဆရာမက ကာတွန်းပညာနှင့်ပတ်သက်၍ လက်တွေ့ပြသနေသည်ကို မတ် ၂၈ရက်က တွေ့ရခြင်း ဖြစ်သည်။** (အောက်ပုံ)

ကလေးများတွင် အနောက်တိုင်းယဉ်ကျေးမှုများ ကြီးစိုးလွှမ်းမိုးလာမည်ကို တရုတ်နိုင်ငံ အစိုးရသည် စိုးရိမ်လာပြီး မိမိနိုင်ငံတွင် ကလေးများအတွက် ကာတွန်းရုပ်ရှင်ကားများ ပိုမိုဖန်တီးထုတ်လုပ်ရန် အားသန်လျက်ရှိသည်။

### ခြေကုပ်ယူခဲ့

ယခုအခါ အနောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံသည် ကာတွန်းကားများ ဖန်တီးထုတ်လုပ်ရန်အတွက် တရုတ်နိုင်ငံတွင် ခြေကုပ်ရယူခဲ့ကြသည်။

### သင်ကြားပို့ချ

ထို့ကြောင့် တရုတ်နိုင်ငံအစိုးရသည် မိမိနိုင်ငံပိုင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကိုသာ ဆန္ဒပြင်းပြလျက်ရှိသည်။ တရုတ်ကလေးများတွင် အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးလာမည်ကို စိုးရိမ်လာပြီး အခြေခံကာတွန်းနှင့် ကာတွန်းရုပ်ရှင် ဖန်တီးမှုအတွက် သင်ကြားရေးနှင့် သုတေသနပြုမှုများကို သင်ကြားပို့ချပေးလျက် ရှိသည်။ **(အင်တာနက်)**

# တောင်ကိုရီးယား အမျိုးသားများ ဆေးလိပ်သောက်သုံးမှု လျော့ကျ

ဆိုးလ် မတ် ၃၁

**စီးကရက်များအပေါ်တွင် မြင့်မားသော အခွန်စည်းကြပ်မှုနှင့်ကျန်းမာရေးဆိုင်ရာ လှုံ့ဆော်သတိပေးမှုများကြောင့် တောင်ကိုရီးယား အမျိုးသားများ အနေဖြင့် စီးကရက်သောက်မှု ၅၀ရာခိုင်နှုန်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြသည်။**

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ်လက စီးကရက်သောက်သော အမျိုးသား အရေအတွက် ၄၉ ဒသမ ၂ရာခိုင်နှုန်းရှိခဲ့ရာ ၎င်းနှုန်းမှာ ၁၉၈၀ပြည့်နှစ်က ၇၉ဒသမ ၃ရာခိုင်နှုန်းနှင့် ၂၀၀၅ခုနှစ်က ၅၂ဒသမ ၃ရာခိုင်နှုန်းထက် လျော့နည်း ကျဆင်းသွားခဲ့သည်ဟု တောင်ကိုရီးယား ကျန်းမာရေးဌာနမှ ထုတ်ပြန်သော လေ့လာဆန်းစစ်ချက်၌ ဖော်ပြသည်။

### လျော့ကျစေ

တောင်ကိုရီးယားအစိုးရသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာမှစ၍ စီးကရက်များပေါ်တွင် ဝမ်ငွေ ၅၀၀အခွန်စီးကြပ်ခဲ့ရာမှ ယခုအခါ စီးကရက်ဘူးများပေါ်တွင် ဝမ်ငွေ ၂၅၀၀အထိ သတ်မှတ်ခဲ့ရာ ၎င်းမှာ စီးကရက်သောက်မှု လျော့ကျစေသော အချက်တစ်ခု ဖြစ်ကြောင်း ပြောကြားသည်။

### ကြပ်မတ်ထိန်းသိမ်း

တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနသည် ၁၉၈၀ ပြည့်နှစ်ကတည်းက ဆေးလိပ်သောက်သုံးသူများကို တရားဝင် ကြပ်မတ်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည့် ၁၉၈၀ပြည့်နှစ် မတိုင်မီက တောင်ကိုရီးယားနိုင်ငံရှိ အရွယ်ရောက်ရှိပြီး ဖြစ်သည့် အမျိုးသားများ ဆေးလိပ်သောက်သုံးမှုမှာ ၈၀ရာခိုင်နှုန်းအထိရှိကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သည့် ချိုကျောင်ဆုခ်က ပြောကြားသည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများရှိ အမျိုးသား ၃၅ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးလျက်ရှိပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ၅၀ရာခိုင်နှုန်းသော အမျိုးသားများမှာ ဆေးလိပ်သောက်သုံးလျက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရန်အား ယူရေနီယံသန့်စင်မှုရပ်တန့်ရန် လုံခြုံရေးကောင်စီက ရက်၃၀အချိန်ပေး

**ကုလသမဂ္ဂ မတ် ၃၁**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအား ယူရေနီယံသန့်စင်မှု ရက်ပေါင်း ၃၀ အတွင်း ရပ်ဆိုင်းပြီး နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီအိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆော်ဩလိုက်ကြောင်း ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က မတ် ၃၀ရက်၌ ပြောကြားလိုက်သည်။

### တုံ့ပြန်ပြောကြား

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင်ကို အကျိုးရှိစွာ အသုံးချရန်သာ ဖြစ်ကြောင်း အီရန်ဆိုင်ရာ ကုလသမဂ္ဂ သံတမန် ဂျာဗက်ဇာရစ်က တုံ့ပြန်ပြောကြားလိုက်သည်။

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုရန် ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် အမေရိကန်နှင့်အခြားဥရောပနိုင်ငံများက အီရန်အား နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲထားသည်။

ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့သည် အီရန်နျူကလီးယားကိစ္စကို သံခင်းတမန်ခင်းအရ ဖြေရှင်းသွားရန် လွန်ခဲ့သော နှစ်နှစ်ကျော်က ဦးဆောင် ကြိုးပမ်းခဲ့သည်။ **(အင်တာနက်)**

# ဘဂ္ဂဒက်မြို့ရှိ မွေးမြူရေးခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိ

**ဘဂ္ဂဒက် မတ် ၃၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ မွေးမြူရေးခြံအတွင်း၌ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် $H_5N_1$ ပိုးတွေ့ရှိခဲ့သည်ဟု ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ကော်မတီမှ အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာဇစ်က မတ်၂၉ ရက်၌ ပြောကြားသည်။

### စစ်ဆေးရန်လိုအပ်

ဘဂ္ဂဒက်မြို့ဝန်းကျင်ရှိ ငှက်များအားဖမ်း၍ စမ်းသပ်ကြည့်ရာ ငှက်တစ်ကောင်တွင် $H_5N_1$ ဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ကြောင်း၊ နမူနာတွေ့ရှိမှုများကိုလည်း နိုင်ငံခြားတိုင်းပြည်များတွင် စစ်ဆေးရန်လိုအပ်ကြောင်း အာဇစ်က ပြောကြားသည်။

### အမိန့်ထုတ်ပြန်

ယခု ရက်သတ္တပတ်၏ အစောပိုင်းက ဘဂ္ဂဒက်မြို့တွင်သေဆုံးသွားသော အမျိုးသားတစ်ဦး၏ ရောဂါနမူနာများကိုယူ၍ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး စစ်ဆေးမှုပြုလုပ်ရန်အတွက် ဆေးဘက်ဆိုင်ရာအာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့သည်။

### အတည်ပြုခဲ့

ဇန်နဝါရီလက ဆူလာမာနီရာပြည်နယ် မြောက်ပိုင်းတွင် ဆယ်ကျော်သက်ရွယ်မိန်းကလေးတစ်ဦးနှင့် ၎င်း၏ဦးလေးသေဆုံးခဲ့သဖြင့် အနည်းဆုံးနှစ်ဦးရှိပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။

**အမ်အင်အေ၊ ရိုက်တာ**

## ဖက်ရှင်ပြ

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ဒီဇိုင်နာ ဘင်နူဆီဂေါလ် ဖန်တီးထားသော ဖက်ရှင်ဒီဇိုင်းပုံစံဖြင့် စံပြမယ် တစ်ဦး၏ ဆင်ယင်ထုံးဖွဲ့မှုကို မတ် ၃၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## မဟာသင်္ကြန်တရားစခန်းပွဲ

**ရန်ကုန် မတ် ၃၁**

မကွေးမြို့ မြင်သာရပ်သစ္စာလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ (၄၁) ဓမ္မရိပ်သာကြီးတွင် ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ သင်္ကြန်တွင်း စခန်းပွဲကြီးတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဖွဲ့စုံသာသနာရာမကျောင်းတိုက် ဓမ္မာသနာမိုးကုတ်ရိပ်သာကျောင်းဆရာတော် ဦးဝိစိတ္တနယ်လှည့်သာသနာပြု ဓမ္မကထိက,က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ပဋိစ္စသမုပ္ပာဒ် တရားတော်များဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

### ပြည့်စုံအေးကျောင်းတိုက်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဘုံရှည်ကုန်းကျေးရွာအုပ်စု အုတ်ဖိုစုမှတ်တိုင် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပြည့်စုံအေးကျောင်းတိုက်၏ သင်္ကြန်တရားစခန်းပွဲကြီးကို ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ပြည့်စုံအေးဆရာတော်ဘဒ္ဒန္တ ပညောဘာသ(ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

**သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိရွှေတိဂုံ ပုံစံတူ ၁၀၈ ပေ စေတီတော်အတွက် အလှူတော်ငွေကျပ်သိန်း၂၀ကို ကိုသိန်းရွှေ-ဒေါ်ကြည်ကြည်ဆွေတို့၏ကိုယ်စား ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်စန်း၊ မတင်တင်နုတို့က သာသနာပြု အောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ် လှူဒါန်းစဉ်။** (က-ပ)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးသံအမတ်ကြီးခန့်အပ်ရန်သဘောတူညီ

**ရန်ကုန် ဧပြီ ၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီး ဖက်ဒရယ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အဂ္ဂတလ်လက်စ် ရီဘိုင်ရိုအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဂ္ဂတလ်လက်စ်ရီဘိုင်ရိုသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## စူဠာမဏိစေတီ တည်ဆောက်ရေးငွေလှူဒါန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း သဃ်ၤန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် အောင်ရာမြေပရိယတ္တိစာသင်တိုက် သုံးထပ်ဆွမ်းစားဆောင်အပေါ်၌ စူဠာမဏိစေတီတော်ကို တည်ထားဆောက်လုပ်လျက်ရှိသည်။

စူဠာမဏိစေတီတော်အတွက် မတ် ၃၀ရက်အထိ ဦးအုန်းမြင့်-ဒေါ်နီနီဝင်းက မတည်ငွေကျပ် သိန်း၁၀၀၊ ဦးကျော်ဇော-ဒေါ်လှလှဝင်း၊ ဦးအေးဝင်း-ဒေါ်စမ်းစမ်းထွေး၊ ဦးအေးသိန်း-ဒေါ်ဌေးဌေးတို့က ငွေကျပ်၁၅သိန်း၊ ဦးမြတ်သူ-ဒေါ်သန်းသန်းဝင်းက ငွေကျပ်၁၀သိန်း၊ ၁၃၆၇ခုနှစ် ကထိန်မှ လက်ကျန်ငွေ ကျပ် ခြောက်သိန်း၊ ဦးကျော်အေး-ဒေါ်စု၊ ဒေါ်တင်တင်မူ၊ ဒေါ်စောမြင့်၊ ဦးဖြူမောင်၊ ဒေါ်နန်းနွယ်နီယဉ်တို့က ငွေကျပ်ငါးသိန်း၊ ဦးဘသောင်း၊ မောင်မင်းထူးက ကျပ်ငါးသိန်း၊ ဦးငြိမ်းမောင်မိသားစုက ကျပ်သုံးသိန်း၊ ဒေါ်အုန်းမြိုင်အားရည်စူး၍ သားသမီးမြေးများ၊ ဒေါ်စောမြမိသားစု၊ ဒေါ်ကြည်ကြည်စိန်၊ ဦးချစ်မောင်အားရည်စူး၍ သားသမီးများ၊ ဒေါ်ဖွားသန်းအားရည်စူး၍ သားသမီးများ၊ ဦးစိုးမြင့်-ဒေါ်တင်တင်စံတို့က ငွေကျပ်နှစ်သိန်း၊ ဒေါ်ညိုညိုဝင်း၊ ဦးခင်မောင်လတ်၊ ဒေါ်မြသိန်း၊ ဦးထွန်းကြည်၊ ဦးမျိုးဝင်း-ဒေါ်ညိုမိခင်မောင်ဦး၊ သမီး မြမဉ္ဇူ၊ ဦးမျိုးသန့်-ဒေါ်ရင်ရင်မြင့်၊ ဦးသာမောင်-ဒေါ်အေးမြတို့က ငွေကျပ်တစ်သိန်း လာရောက်လှူဒါန်းရာ အောင်ရာမြေဆရာတော်က လက်ခံရယူသည်။

**လှူဒါန်းနိုင်**

စူဠာမဏိစေတီတော် တည်ဆောက်ရေးအတွက် သဒ္ဓါကြည်လင် ပါဝင်လှူဒါန်းလိုသူများသည် အောင်ရာမြေပရိယတ္တိစာသင်တိုက်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၅၇၃၃၄၇ သို့ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၅၂)**

## ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်း မီးရထားရပ်ကွက်ရှိ သိမ်ဖြူကျောင်းတိုက် မိုးကုတ်ဓမ္မမဂ္ဂင်ကျောင်းတွင် ဒုတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာအလုပ်ပေး တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်တို့ကို ကမ္မဋ္ဌာနာစရိယဆရာတော်များ ဖြစ်ကြသော ဦးသူရိယ ဓမ္မကထိက၊ ဦးဇယဒိသ (ဥပဒေဝိဇ္ဇာ) ကျောင်းကုန်း တို့က ဟောကြားပြသကြမည်ဖြစ်သည်။

ဆက်လက်၍ နှစ်ဆန်းတစ်ရက်နံနက် ၉နာရီတွင် မိုးကုတ်ဓမ္မမဂ္ဂင် နှစ်ထပ်ကျောင်းဆောင်သစ်ကို ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

**အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ရောဝတီရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မမက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်၅၀ ကျော်ကို ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**
(မြို့နယ် ပြန်/ဆက်)

**မြန်မာ့အလင်း အင်တာနက်အထူးသတင်းနှင့်ဓာတ်ပုံ**

## ဘရာဇီး၏ ပထမဆုံးအာကာသယာဉ်မှူး အာကာသသို့ အောင်မြင်စွာသွားရောက် ဘရာဇီးအလံနှင့် ဘောလုံးအကျႌယူဆောင်သွား

ကာဇက်စတန်နိုင်ငံ ဗိုင်ကိုနော့ အာကာသစခန်းမှ ရုရှားဆိုယုဇ်ဒုံးပျံ အာကာသသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးနောက် ဒုတိယဗိုလ်မှူးကြီး မားကိုးစ်ပွန်တက်ဇ်သည် ဘရာဇီးနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူးဖြစ်လာသည်။ **(အောက်ပုံ)**

အဆိုပါ အာကာသယာဉ်မှူးအား တင်ဆောင်သွားသည့် ဆိုယုဇ်ဒုံးပျံကို မတ် ၃၀ရက်က ၎င်းအာကာသစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

၎င်းသည် ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူး တစ်ဦးတို့နှင့်အတူ နိုင်ငံတကာ အာကာသစခန်းတွင် ကိုးရက်ကြာနေထိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်မှူးကြီး ပွန်တက်ဇ်သည် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ဘရာဇီးအသင်းကို အားပေးရန် ဘရာဇီးအလံတစ်ခုနှင့် ဘောလုံးအကျႌတစ်ထည်ကိုလည်း ယူဆောင်သွားကြောင်းသိရသည်။

၎င်းအာကာသသို့ သွားရောက်ရာတွင် အသက်(၄၃)နှစ်အရွယ်ရှိ အဆိုပါအာကာသယာဉ်မှူး၏ ဖခင်ဖြစ်သူနှင့် ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းအသင်း ရောင်းရင်းများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းတို့သည် ဒုတိယဗိုလ်မှူးကြီး ပွန်တက်ဇ်လိုက်ပါသွားသော ဆိုယုဇ်ဒုံးပျံအတက် ဗီဒီယိုမှ တစ်ဆင့်စောင့်ကြည့်နေကြသည်။ မိမိသည် လင်ယောကျ်ားဖြစ်သူ အာကာသသို့ ဒုံးပျံစီးပြီးတက်သွားသည်ကိုတွေ့ရ၍ အလွန်စိတ်လှုပ်ရှားမိကြောင်း ဇနီးဖြစ်သူဖာတီမာက မျက်ရည်လည်ရွဲဖြင့်ပြောရှာသည်။

မိမိသည် ရှင်းမပြနိုင်အောင်ပင် အလွန့်အလွန်ဝမ်းသာနေကြောင်း၊ ၎င်း၏ ဒုံးပျံတက်သွားသည်ကို ဘရာဇီးရုပ်မြင်သံကြားတွင် ကြည့်ရှုရကြောင်း သူမကပြောကြားသည်။

အာကာသယာဉ်မှူးအသစ်သည် သံသယကင်းရှင်းစွာဖြင့် ဘရာဇီးနိုင်ငံ၏ အမျိုးသားသူရဲကောင်းတစ်ဦးဖြစ်သွားပြီဖြစ်ကြောင်း ရုရှားအာကာသ အေဂျင်စီက အေအက်ဖ်ပီသတင်း ဌာနသို့ ပြောကြားသည်။ ဘရာဇီးလူမျိုးတို့၏ အနှစ်နှစ်အလလက မျှော်လင့်ခဲ့သော အာကာသအစီအစဉ်ကို အကောင်အထည်ဖော်လိုက်သည့် ခရီးစဉ်ပင်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်အတွက် ဘရာဇီးနိုင်ငံက ဒေါ်လာ၁၀သန်းခန့်ကုန်ကျခဲ့ကြောင်း သိရသည်။

ဘရာဇီးအာကာသ အစီအစဉ်သည် လွန်ခဲ့သော သုံးနှစ်က နိုင်ငံမြောက်ပိုင်း၌ ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော ဒုံးပျံပေါက်ကွဲရာ လူ၂၁ဦးသေဆုံးခဲ့ရသည်။

ယခုအခါ ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး အောင်မြင်စွာဖြင့် အာကာသသို့ သွားရောက်နိုင်ပြီဖြစ်၍ ဗိုလ်မှူးကြီး ပွန်တက်ဇ်ကလေးဘဝက မက်ခဲ့သော အိပ်မက်ကို ဖြည့်စွမ်းပေးလိုက်ပြီးဖြစ်သည်။

၎င်းသည် ၁၉၉၈ခုနှစ်ကတည်းက ယင်းမစ်ရှင်အတွက် အမေရိကန်အာကာသလွန်းပြန်ယာဉ် စခန်းတွင် လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ ၎င်းနှင့်အတူ ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗီနိုကရာဒေါ့ဗ်နှင့် အမေရိကန်အာကာသယာဉ်မှူး ဂျက်ဖရီဝီလျံတို့လည်း လိုက်ပါသွားကြောင်းသိရသည်။

**(ကိုးကား-အင်တာနက်)**

**အီရန်မြို့တော် တီဟီရန်မှ အနောက်တောင်ဘက် ၂၄၈မိုင်အကွာ ဘာဘာပတ်ရှ်မန် ကျေးရွာ၌ မြေငလျင်လှုပ်ပြီးနောက် ပြိုကျနေသော နေအိမ်အဆောက်အအုံကို မတ် ၃၁ရက်က ဤသို့တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

## အီရန်၌ ငလျင်လှုပ် လူ၇၀သေဆုံး၊ ၁၂၀၀ ဒဏ်ရာရ

အီရန်နိုင်ငံ အနောက်ပိုင်းတွင် မတ်၃၁ရက် စောစောပိုင်းက မြေငလျင်အချို့လှုပ်ခဲ့ပြီးနောက် ပြင်းထန်သည့် ငလျင်တစ်ခုတုန်လှုပ်ခဲ့ရာ လူ၇၀ သေဆုံးပြီး ၁၂၀၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရန်မီဒီယာကဖော်ပြသည်။ **(မြန်မာစံတော်ချိန် ညသ၁နာရီအထိ)**

အဆိုပါ ငလျင်သည် စက်မှုလုပ်ငန်း မြို့နှစ်မြို့ဖြစ်သည့် ဘိုရိုဂျတ်နှင့် ဒိုရတ်မြို့များအနီးတွင် ဗဟိုပြုကာ ပဏာမတိုင်းထွာချက်အရ ငလျင်ပြင်းအား ၆ဒသမ၀ ရှိကြောင်း အစ္စလမ္မစ် ရီပတ်ဘလစ်သတင်းဌာန အိုင်အာရ်အင်န်အေက ဖော်ပြသည်။

အဆိုပါငလျင်သည် အားနည်းသည့် ငလျင်နှစ်ခု လှုပ်ခဲ့ပြီးနောက်မှ လှုပ်ခဲ့သော တတိယအကြိမ်တုန်လှုပ်သည့် ငလျင်ဖြစ်ပြီး ရစ်ချ်တာစကေး ၆ ဒသမ ၀ ရှိကာ မတ် ၃၁ ရက် ဒေသစံတော်ချိန် ၅နာရီ မတိုင်မီတွင် ဒိုရတ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တုန်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်အာရ်အင်န်အေက ဖော်ပြသည်။

**(ကိုးကား-အင်တာနက်)**

● *ကျောဖုံးမှ*

My Myanmar Unicode System ကို ရုံးများ၊ ကျောင်းများ၊ အဖွဲ့အစည်းများတွင် အသုံးပြုနိုင်ရန်အတွက် ၂၀၀၄ခုနှစ်မှစတင်၍ သုတေသနပြုလုပ်ဆောင်ခဲ့ပြီး လွန်ခဲ့သော ဖေဖော်ဝါရီ ၂၄ရက်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကျင်းပသော 4th ICCA 2006 ကွန်ဖရင့်၌ နိုင်ငံတကာနှင့် မြန်မာကွန်ပျူတာပညာရှင်များရှေ့မှောက်တွင် စတင်မိတ်ဆက် တင်ပြခဲ့သည်။

**လုပ်ဆောင်ပေးထား**

ယနေ့ဖြန့်ချိလိုက်သော My Myanmar Unicode System သည် ကွန်ပျူတာတွင် မြန်မာစာကိုအသုံးပြုသောအခါ စာကြောင်းပြည့်သောအခါ မဆုံ့သောစာလုံးများ အောက်သို့ အလိုအလျောက် စနစ်တကျဆင်းခြင်း၊ စာရင်းဇယားများတွင် မြန်မာကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်နိုင်ခြင်း၊ ကြီးစဉ်ငယ်လိုက်၊ ငယ်စဉ်ကြီးလိုက် စီနိုင်ခြင်း၊ ဝက်ဘ်ဆိုက်များပေါ်တွင် မြန်မာစာကို ကောင်းစွာအသုံးချနိုင်ခြင်း၊ ပရိုဂရမ်ရေးသားရာတွင် ထည့်သွင်းအသုံးပြုနိုင်ခြင်းများ လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ ၎င်းသည် Unicode Version 4.1 ကို အပြည့်အဝလိုက်နာပြီး နောင်ထွက်ပေါ်လာရန်ရှိသည့် Unicode Version 5.x အတွက်ပါ ထည့်သွင်းစဉ်းစား လုပ်ဆောင်ပေးထားသည်။ ယခုဖြန့်ချိသော My Mynamar Unicode System တွင် Installer, Uniscribe installer, User manual စသည်တို့ ပါရှိသည်။

**အခမဲ့ရယူနိုင်**

My Mynamar Unicode System ကို တစ်ကိုယ်ရေအသုံးပြုသူများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ရုံးများအနေဖြင့် ရယူသုံးစွဲလိုပါက အင်တာနက်တွင် www. myanmar. net သို့ ဝင်ရောက်ပြီး အခမဲ့ရယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး ကျောင်းဆင်းပဒေသာကပွဲကျင်းပ

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၅–၂၀၀၆ခုနှစ် စာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာမများ၊ မိဘများနှင့် ကလေးငယ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းဦး၊ ဒေါ်ခင်နွယ်နွယ်၊ ဒေါ်သဇင်နွယ်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာတို့က ၂၀၀၅–၂၀၀၆ခုနှစ် စာသင်နှစ်ကျောင်းဆင်းလက်မှတ်များကို တန်းခွဲအလိုက် ဆရာမများအား အသီးသီးပေးအပ်ကြပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်များကို ဆရာမများကိုယ်စား တာဝန်ခံဆရာမ ဒေါ်ထားထားရီအား ပေးအပ်သည်။

**ကပြဖျော်ဖြေ**

ယင်းနောက် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကလေးငယ်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဆေးတက္ကသိုလ်(၁)ရန်ကုန်မှကျောင်းသားကျောင်းသူများလေ့လာ

**ရန်ကုန် မတ် ၃၁**

ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသားကျောင်းသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ ဆရာမများ ဦးဆောင်လျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ယမန်နေ့နံနက်၉နာရီတွင် ရောက်ရှိကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာသော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို အသင်းအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကို လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မတ် ၂၈ရက်က ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် အထက်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်အပ်နှင်းပွဲကို ဦးဘလွင်ခန်းမ၌ ကျင်းပရာ ဒသမတန်း (A) မှ မသဇင်ထက်ထက်အား ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။** (က–ပ)

■ *ကျောဖုံးမှ*

**ကြည့်ရှုလေ့လာ**

ပြပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၌ မင်းခေါင်ရွှေဂူစေတီမုခ်တံကဲ(မြောက်ဦးမြို့) သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၆–၁၆၃၈) မုခ်ဦးပုံစံ၊မင်းကြောင်းချောင်းတံတား၊ ဝန်ဖိုက်တံတား၊ သဇင်တန်ပေါက်တံတား၊ သံသမချေတံတား၊ သံသမကြီးတံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ စနဲပေါက်တံတား၊ ကျောက်ကြီးပေါက်တံတား၊ သယုချောင်းကြိုးတံတား၊ ကျိန္တလီမြစ်ကူးတံတား၊ ရွှေလေ့တံတား၊ အမ်းချောင်းတံတား စသည့် တံတားပုံစံငယ်များ၊ပေါ်ထွန်းလာသည့်ဆင်ဖြူတော်များ၏ဓာတ်ပုံများ၊ မြောက်ဦးမြို့စန္ဒမုနိဆင်းတုတော်၊ ကိုးသောင်းပုထိုးတော်ကြီး၊ မဟာမုနိဘုရား၊ ကျောက်တော်တောင်ရှုခင်း၊ လောကနန္ဒာစေတီ၊ စစ်တွေမီးပြတိုက်၊ စစ်တွေဟိုတယ် စသည့် ပန်းချီကားများ၊ ရခိုင်ပြည်နယ်နှင့် စစ်ရေးသမိုင်းပြကွက်တွင် ပန်းဝါတိုက်ပွဲ၊ မြန်မာတို့၏ စစ်မဟာဗျူဟာ၊ပန်းဝါထိုးစစ်အောင်ပွဲ၊ ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်စစ်မျက်နှာ၊ ရဲသီဟစစ်ဆင်ရေးဖြင့် ဗကပကို အမြစ်ဖြတ်ခြင်း၊ ရခိုင်တိုင်းရင်းသား လူမျိုးစုများပုံတူ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ပြည်နယ်ကမ်းလွန်ဒေသရွှေအစမ်းတွင်းအမှတ်(၁)နှင့် အမှတ်(၂) သဘာဝဓာတ်ငွေ့စီမံကိန်း၊ ၁၆၇၆ ခုနှစ် မြောက်ဦးမြို့ကိုပေါ်တူဂီကုန်တိုက်မှတွေ့မြင်ရပုံ သရုပ်ဖော်ပန်းချီကား၊ ရခိုင်ပြည်နယ်၏ ရေရရှိရေး ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊စီးပွားရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပြကွက်များကိုဓာတ်ပုံ၊ ပန်းချီရုပ်ပုံကားချပ်၊ ဇယားများဖြင့် ဝေဝေဆာဆာ ပြသထားရာ ကျောင်းသား ကျောင်းသူ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

**ဆုများချီးမြှင့်**

ထို့အပြင် တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ်မွန်းတည့်၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

**လေ့လာနိုင်**

အဆိုပါပြပွဲကို ဧပြီ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း အသိပေးရှင်းလင်း

**ရန်ကုန် မတ် ၃၁**

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၀၆)နှင့် တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံ အသိပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို မတ်၂၆ရက် နံနက် ၉နာရီက တိုင်းကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

**ရှင်းလင်း**

ရှေးဦးစွာ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက (၂/၂၀၀၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေး စီမံချက် တာဝန်ခံ ဒေါက်တာဆွေဆွေလှိုင်က စီမံချက်လက်ရှိအောင်မြင်နေသည့် အခြေအနေနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထက်မြန်မာပြည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် ကာလသားရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာထွန်းမြင့်က ၂၀၀၆ခုနှစ် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာရတနာအောင်က မိခင်နှင့်ကလေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။**(တိုင်း မိခင်/ကလေး)**

**MRTV-4 ရုပ်မြင်သံကြားအစီအစဉ်**

**၁–၄–၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (VES မြန်မာ) |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | နွေစပါးစိုက်ပျိုးမှုနည်းပညာ |
| ၇း၃၅ | တေးဂီတအစီအစဉ် |
| ၇း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၄၅ | ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊ မြသဥ္ဇာလီ) |
| ၈း၀၅ | လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ပုစွန်ချဉ်စပ်ဟင်း) |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၀ | ဖန်ချက်စက်ရုံ(သန်လျင်) |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | Music Talk |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၅ | အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်းဟောပြောချက်(အပိုင်း–၃) |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | ကိုင်းကူးကိုင်းဆက် |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | Celebrity Profile(ဝင်းဦး) (ဒေါက်တာဇော်သန်း၊စန္ဒရား မျိုးနိုင်၊ သန်းမြတ်စိုး) |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း) |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | ကန်တော်ကြီးရေချိုငါးဥယျာဉ် (အပိုင်း–၂) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၄း၃၀ | ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူး တင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်) | 5-Sports |
| ၅း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၆း၁၀ | Birmingham-Chelsea | 5-Sports(Live) |
| ၈း၂၅ | Bolton-Manchester United | 5-Sports(Live) |
| | Newcastle-Tottenham | 5-Movies(Live) |
| | Everton-Sunderland | 5-Cartoons(Live) |
| ၁၁း၀၀ | Arsenal-Aston Villa | 5-Sports(SDD) |

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

## ရှင်းလင်းပြသ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံသို့ မွန်းလွဲ ၂နာရီတွင်ရောက်ရှိပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်ကုမ္ပဏီများက ခင်းကျင်းပြသထားသော ပြည်ပပို့ကုန်အဆင့်ရှိ မြန်မာ့ထွက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

## တက်ရောက်

နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းများမှ ကိုယ်စားလှယ်များ၊ အသင်းဝင်ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဆိုသည့် စီးပွားရေးဦးတည်ချက်အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ် ဖောက်ကားရေးအပိုင်း၊ ဝန်ဆောင်မှုလုပ်ငန်းအပိုင်းများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် အဘက်ဘက်က အားပေးကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

## အခြေခံကောင်းများရရှိ

ဤသို့ နိုင်ငံတော်၏ အားပေးကူညီမှု၊ နည်းပေးလမ်းပြစီမံထိန်းကျောင်းမှုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စသည်တို့တွင် တိုးတက်အောင်မြင်မှုအတွက် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အောင်မြင်မှုများရရှိအောင် ဦးဆောင်ဦးရွက်ပြုပြီး စည်းရုံးစုစည်း ထိန်းကျောင်း ဆောင်ရွက်ပေးနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကဏ္ဍသည်လည်း အလွန်အရေးပါလာပြီဖြစ်ကြောင်း။

UMFCCI ၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိက ကဏ္ဍသည် နိုင်ငံတော်၏ GDP မှာ ရာခိုင်နှုန်း ၉၀အထိပါဝင်နေပြီဖြစ်၍ အားရဖွယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့

# ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း တိုးတက်ဖွံ့ဖြိုးမှုအခြေခံကောင်းများ ခိုင်မာအောင်ဆောင်ရွက်

မှုအပိုင်းမှာလည်း ပြီးခဲ့သည့် ၂၀၀၃–၂၀၀၄ ခုနှစ်က ဒေါ်လာ ၂ဒသမ ၄ ဘီလီယံဖိုးတင်ပို့သည့်အနက် ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ၁ဒသမ၃ ဘီလီယံဖိုးတင်ပို့နိုင်သည့်အတွက် ၅၅ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင်လည်း ဒေါ်လာ ၂ဒသမ၈ဘီလီယံဖိုးတင်ပို့ခဲ့ရာတွင် ပုဂ္ဂလိကကဏ္ဍက ဒေါ်လာ ၁ဒသမ၂ ဘီလီယံဖိုးတင်ပို့နိုင်ခဲ့သည့်အတွက် ၄၃ ရာခိုင်နှုန်းကျော် တင်ပို့နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏထဲတွင် ပုဂ္ဂလိကကဏ္ဍသည် ၅၃ ဒသမ ၆ ရာခိုင်နှုန်းလောက်အထိ ပါဝင်သည်ကို တွေ့ရကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည် များ နှင့် စက်မှု လက်မှု လုပ် ငန်း ရှင်များ အသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ပို့ကုန်သွင်းကုန်မူဝါဒကို မှန်ကန်စွာကျင့်သုံးပြီး ပို့ကုန်လုပ်ငန်းကိုအားပေးသည့် ပို့ကုန်ပထမ၊ သွင်းကုန်ဒုတိယစနစ်ကို ချမှတ်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေသည့် ပစ္စည်းများကိုစိစစ်ပြီး တင်သွင်းခွင့်ပြုနေသည့်အတွက် ၂၀၀၂–၂၀၀၃ခုနှစ်ကစပြီး ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက်ပိုလာပြီး Trade Surplus ဖြစ်လာသည်ကို တွေ့နေရပြီဖြစ်ကြောင်း။

ယင်းလမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းပြီး ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏စီးပွားရေးသည် တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံကောင်းများကို ခိုင်မာအောင်ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ရေခံ၊ မြေခံနှင့် ရာသီဥတု ကောင်းမွန်ပြီး စိုက်ပျိုးရေး ဖြစ်ထွန်းသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် ထည့်သွင်းချမှတ်ထားပြီးဖြစ်ကြောင်း။

## တန်ဖိုးမြှင့်ထုတ်လုပ်

ယခုဆိုလျှင် နိုင်ငံတော်တစ်ဝန်းမှာရှိသည့် မြေလွတ်မြေလပ်များကို ရှာဖွေ ဖော်ထုတ်ပြီး ပြည်ပပို့ကုန်သီးနှံများကို ဦးစားပေးစိုက်ပျိုးကြရန် နိုင်ငံတော်နှင့်တကွ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်စည်းရုံးဆောင်ရွက်နေပြီဖြစ်သည့်အတွက် ဤသို့တိုးချဲ့စိုက်ပျိုးမှုက ထွက်ပေါ်လာသည့် သီးနှံများကို ပြည်ပပို့ကုန်အဖြစ် အဆင့်မီအောင် သန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အရောင်းတင်ခြင်း စသဖြင့် ဈေးကွက် အကြိုက်ဖြစ်အောင်တန်ဖိုးမြှင့်ထုတ်လုပ်ပြုပြင်ခြင်းအားဖြင့် ပြည်ပဈေးကွက်အလယ်တွင် မျက်နှာပန်းလှပြီး ဈေးနှုန်းကောင်းကောင်းရရှိအောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အလားတူပင် ကမ္ဘာ့ဈေးကွက်တွင် နေရာရပြီးဖြစ်သည့် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းတို့ကိုလည်း တစ်ဝက်တစ်ပျက်ကုန်ချောအဆင့် (Semi-Finished Product) နှင့် ကုန်ချောအဆင့် (Finished Goods)အဖြစ် ရောက်ရှိအောင် ထပ်ဆင့်တန်ဖိုးမြှင့်(Value Added) ဆောင်ရွက်နိုင်ရန် လိုအပ်မှာဖြစ်ကြောင်း။

ဤသို့ ထပ်ဆင့်တန်ဖိုးမြှင့်ပေးနိုင်ရန်အတွက် ငွေကြေး၊ နည်းပညာနှင့် စက်ကိရိယာပစ္စည်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းသွင်းအားစုများကိုရရှိအောင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် နည်းလမ်းများရှာကြံကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

## အဆင့်မြှင့်ဆောင်ရွက်

ယခုဆိုလျှင် ပြည်ပပို့ကုန်အပိုင်းတွင် တိုးမြှင့်နိုင်အောင် ကြိုးပမ်းနေသကဲ့သို့ သွင်းကုန်အပိုင်းတွင်လည်း အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကိုသာ ဦးစားပေးတင်သွင်းနိုင်အောင် စိစစ်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် အားပေးမြှင့်တင်ကူညီပံ့ပိုးပေးနေကြောင်း၊ ပြည်ပက နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်များကို တစ်နှစ်ကို ဒေါ်လာ ၂၄ သန်းကနေ သန်း ၃၀ ဖိုးခန့်အထိ တင်သွင်းနေရပြီး စားအုန်းဆီဆိုလျှင်လည်း ဒေါ်လာသန်း ၇၀ ဖိုးခန့် တင်သွင်းနေရသည်ကို တွေ့ရကြောင်း၊ ရော်ဘာများစိုက်ပျိုးဖြစ်ထွန်းနေသည့် မိမိတို့ နိုင်ငံတွင် ကားတာယာများကိုလည်း ဒေါ်လာ ၂၈ သန်းဖိုးခန့် ပြည်ပကဝယ်ယူနေရသေးသည်ကို တွေ့ရကြောင်း၊ ယင်းပစ္စည်းများသည် ပြည်တွင်း၌ သွင်းကုန်အစားထိုးပစ္စည်းအနေဖြင့် ထုတ်လုပ်နိုင်သည့် ပစ္စည်းမျိုးတွေဖြစ်သည့်အတွက် ပြည်တွင်းပုဂ္ဂလိက စက်ရုံအလုပ်ရုံများကို တိုးတက်ဖွံ့ဖြိုးလာအောင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ကြောင်း။

ဤသို့ ပြည်ပသွင်းကုန်အစားထိုး လုပ်ငန်းများနှင့် ပြည်ပပို့ကုန်စက်မှုကုန်ချောများ၊ တိုးချဲ့မြှင့်တင်ရေးလုပ်ငန်းများကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်နှင့်တကွ အသင်းချုပ်၏ အသင်းဝင်ညီနောင်အသင်းများကလည်း အထူးအာရုံစိုက်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အောက်တွင် ကုန်ပစ္စည်းအလိုက်အသင်းများ၊ လုပ်ငန်းအလိုက်အသင်းများအပြင် စိုက်ပျိုးထုတ်လုပ်သူအသင်းများကိုလည်း တိုးချဲ့ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အရေးကြီးသည့် သီးနှံများဖြစ်သည့် ဆန်စပါး၊ ဆီအုန်း၊ ရော်ဘာနှင့်တကွ လယ်ယာကိုင်းကျွန်းထွက် သီးနှံပစ္စည်းနှင့် ဥယျာဉ်ခြံမြေ သီးနှံပစ္စည်းများအတွက် စိုက်ပျိုး ထုတ်လုပ်သူများအသင်း ငါးသင်း ဖွဲ့စည်းပေးထားပြီး ဖြစ်ကြောင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေး

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည် များ နှင့် စက်မှု လက်မှု လုပ် ငန်း ရှင်များ အသင်းချုပ်နာယကပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

မြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး ထုတ်လုပ်မှုအသင်းလည်း လိုအပ်လျှင် ဖွဲ့စည်းရမှာဖြစ်ကြောင်း။

## ညှိနှိုင်းပေါင်းစပ်

ပြည်ပပို့ကုန် သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်းများ ထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ခြင်းတို့ကို ပြုလုပ်သည့်အခါတွင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်မှုရရှိအောင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Contract Farming စနစ်ကို ညှိနှိုင်းကျင့်သုံးစမ်းသပ်ဆောင်ရွက်ကြရန်လည်း လိုအပ်မှာ ဖြစ်ကြောင်း၊ ယင်းကိစ္စမှာလည်း ပိုမိုအဆင်ပြေချောမွေ့မှု ရှိအောင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းများ အသင်းချုပ်နှင့်တကွ သက်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်သူနှင့် မွေးမြူသူအသင်းများက ကြီးကြပ်ညှိနှိုင်း ပေါင်းစပ်ပြီး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ကြောင်း။

ပြီးခဲ့သည့် နှစ်အတွင်းတွင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ ပြည်တွင်းပြည်ပဆောင်ရွက်မှုများကို လေ့လာသုံးသပ်ကြည့်လျှင် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ပြီးခဲ့သည့် တစ်နှစ်အတွင်းတွင် အသင်းသားဦးရေ ၁၅၅၀ တိုးလာ၍ စုစုပေါင်း ၁၅၂၄၅ ဦးဖြစ်လာခြင်း၊ အသင်းဝင်အသင်း ခုနစ်သင်းတိုးလာ၍ ၅၁သင်းဖြစ်လာခြင်း၊ ပြည်ပ ဧည့်သည် ၅၇၃ ဦးကို အသင်းချုပ်အနေနှင့် လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်း၊ ပြည်ပသင်တန်း၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲများကို အသင်းသား၂၇၀ စေလွှတ်နိုင်ခဲ့ခြင်း၊ ပြည်ပနိုင်ငံများမှာ ကျင်းပသည့် နိုင်ငံတကာပြပွဲပေါင်း ၂၉ပွဲကို အသင်းသားပေါင်း ၇၃၉ဦး စေလွှတ်ပြီး အင်တိုက်အားတိုက် တက်ရောက်ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်နိုင်ခြင်းတို့သည် ထင်ရှားသည့် အောင်မြင်မှုများအဖြစ် တွေ့မြင်ရကြောင်း။

ယင်းသို့ တက်ရောက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်သည့်အပြင် နိုင်ငံတကာပြပွဲများတွင်အကောင်းဆုံးပြခန်းဆုများ ချီးမြှင့်ခံရခြင်း၊ Miss ASEAN 2005 ပြိုင်ပွဲတွင် Miss Talent ဆု ရရှိခဲ့ခြင်းတို့သည်လည်း ထူးခြားသည့်အောင်မြင်မှုများဖြစ်သည်ကိုတွေ့ရကြောင်း။

## ဝမ်းမြောက်ဂုဏ်ယူ

မဟာမဲခေါင်မြစ်ဝှမ်း ဒေသကခြောက်နိုင်ငံပါဝင်သည့် Greater Mekong Subregion-Business Forum(GMSBF)၏ဥက္ကဋ္ဌတာဝန်ကို ကုန်သည် စက်မှုအသင်းချုပ်

ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၃ ခုနှစ် အောက်တိုဘာလမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလအထိ နှစ်နှစ်တာကာလအတွင်း တာဝန်ယူပြီး အောင်မြင်မှုများရရှိအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြရမှာ ဖြစ်ကြောင်း။

ပုဂ္ဂလိကကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သည်စက်မှု အသင်းချုပ်၏ သင်တန်းဗဟိုဌာနတွင် ပုံမှန်သင်တန်းများနှင့် အထူးသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုများနှင့် UMFCCI Training Centre ကို Centre of Excellence (COE) အဖြစ် အသိအမှတ်ပြုပြီး အကူအညီများပေးခြင်း၊ The World HRD Congress က အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို HR Leadership Award ချီးမြှင့်ခြင်းတို့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြရမှာဖြစ်ကြောင်း။

အသင်းချုပ်အဆောက်အအုံသစ်ကိုလည်း နိုင်ငံတကာအဆင့်မီ အမြန်မွမ်းမံပြီးစီးအောင် ကြိုးပမ်းဆောက်လုပ်ကြရန် တိုက်တွန်းလိုကြောင်း၊ ယင်းအဆောက်အအုံကြီး ဆောက်လုပ်ပြီးစီးရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းကြသည့် စေတနာရှင်များကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

## တစ်တပ်တစ်အားပါဝင်

နိဂုံးချုပ်အားဖြင့်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့်

- **အသင်းသားအရေအတွက် တိုးတက်ရေး၊ ဝင်ရောက်ထားပြီး အသင်းသားများ ပိုမိုကျစ်လျစ်ခိုင်မာအောင် အသင်းဝင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့စည်းရုံးရေး၊**
- **မြေလွတ်မြေလပ်များတွင် ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့ရေး၊ပို့ကုန်အမယ်သစ်များ ရှာဖွေဖော်ထုတ်ရေး၊**
- **ပို့ကုန်ပစ္စည်းများကို ထပ်ဆင့်တန်ဖိုးမြှင့်(Value Added)ပြုလုပ်ရေး၊**
- **ပြည်ပဈေးကွက်အသစ်များ ရှာဖွေရေး၊ ရရှိထားပြီးဈေးကွက်များကို ထိန်းသိမ်းပြီးစဉ်ဆက်မပြတ်တင်ပို့နိုင်ရေး၊**
- **နယ်စပ်ကုန်သွယ်မှုမှ ပုံမှန်ကုန်သွယ်မှုစနစ်ကို ပြောင်းလဲလုပ်ကိုင်ရေး၊**
- **ပြည်ပဧည့်သည်များကို ဆက်သွယ်ဖိတ်ခေါ်ပြီး အပြန်အလှန်ကုန်သွယ်မှုပြုလုပ်ရေး၊ မြန်မာနိုင်ငံမှလာရောက် ရင်းနှီးမြှုပ်နှံရေးတို့ကို ရှင်းလင်းဆွေးနွေးရေး**

တို့ကိုအသင်းသားများ၊ အသင်းဝင်အသင်းများနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ရန်တိုက်တွန်းရင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် အထောက်အကူပြုနိုင်ပါစေ၊ အေးချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး အမြန်ပေါ်ထွန်းလာရေးအတွက် တစ်တပ်တစ်အားပါဝင် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

## အတည်ပြုချက်ရယူ

ထို့နောက် အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၅–၂၀၀၆ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသော အသင်းသားများထံမှ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဦးတေဇ (ထူးထရိတ်ဒင်းကုမ္ပဏီ) ၏ လှူဒါန်းငွေ ကျပ်သိန်း ၁၅၀၊ ဦးဝင်းမြင့် (ဥက္ကဋ္ဌ ကုန်သည်/စက်မှု အသင်းချုပ်) ရွှေနဂါးမင်းကုမ္ပဏီ၏ လှူဒါန်းငွေ ကျပ်သိန်း၁၁၀နှင့် ဦးဌေးမြင့် (ဒုတိယဥက္ကဋ္ဌ ကုန်သည်/စက်မှု အသင်းချုပ်) ယုဇနကုမ္ပဏီ၊ ကမ္ဘောဇဘဏ်လီမိတက်၊ ဦးထွန်းမြင့်နိုင် (Asia World Co., Ltd.)၊ တရုတ်ကုန်သည်များအသင်းတို့၏ လှူဒါန်းငွေ ကျပ်သိန်း၁၀၀စီနှင့် ဦးကျော်ဝင်း (ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်)ရွှေသံလွင်ကုမ္ပဏီ၏ လှူဒါန်းငွေကျပ်သိန်း ၅၀တို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူ ဖောင်ဒေးရှင်း၏ လှူဒါန်းငွေကျပ် သိန်း၃၀၊ ဦးစိန်ဝင်းလှိုင် (အထွေထွေ အတွင်းရေးမှူး ကုန်သည်/စက်မှု အသင်းချုပ်) မြန်မာထွဋ်ခေါင်ကုမ္ပဏီ၊ ဒေါက်တာကိုကိုကြီး (ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) ဒိုင်းမွန်းစတား ကုမ္ပဏီ၊ ဦးကိုကိုထွေး (ဗဟိုအလုပ်အမှုဆောင် ကုန်သည်/စက်မှု အသင်းချုပ်)တော်ဝင်မိသားစု ကုမ္ပဏီ၊ ဦးစောလှိုင် (အလုပ်အမှုဆောင် ကုန်သည်/စက်မှုအသင်းချုပ်) လှကမ္ဘာကုမ္ပဏီ၊ ဦးကျော်အောင် (Benhur Co.,)နှင့် ဦးကျော်လင်းနှင့် ဦးကျော်စိန် (ကျော်ညီအစ်ကို ကုမ္ပဏီ) တို့၏ လှူဒါန်းငွေကျပ် ၁၀သိန်းစီတို့ကို လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဦးမြတ်သင်းအောင်–ဒေါ်ခင်မြင့်မြင့် မိသားစု၊ ဦးသိန်းဟန်(တိုကျိုပိုက်) မိသားစု၊ ဦးတင်မြင့် မိသားစု၊ ဦးအောင်သန်းဦး မိသားစုနှင့် ဒေါက်တာစိန်မြင့် မိသားစုတို့ကငွေကျပ် ငါးသိန်းစီ၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ဦးဇော်ဇော်နိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမောင်မောင် (Asia Express)က ငွေကျပ် ၁၀ သိန်း၊ ဦးထွန်းအောင် (တော်ဝင်ထွန်းကုမ္ပဏီ)၊ဦးစိုးမြင့်၊ဒေါက်တာမျိုးသက်၊ ဦးလှမောင်၊ ဦးစိန်သန်းနှင့် ဦးငြိမ်းအောင်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးထွန်းရင်၊ မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်များအသင်း၊ ဦးမျိုးသန့်နှင့် သီရိသုမင်္ဂလာဒေါ်အေးမြတ်နွယ်တို့က ငွေကျပ် တစ်သိန်းစီနှင့် မြန်မာ–အိန္ဒိယ စီးပွားရေး လုပ်ငန်းရှင်များအသင်းက ငွေ ၁၀၀၀၀၁ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် နာယကများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အသင်းချုပ်အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေ ၈၃၄၀၀၀၀၁ကျပ် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ❒ ကျောဖုံးမှ

ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းကို ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းကို ကွန်ကရစ် ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓာတ်တော်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ

**ရန်ကုန် မတ် ၃၁**

ပဲခူးတိုင်းအနောက်ခြမ်း အုတ်ဖိုကျွန်းကုန်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် မြတ်စွာဘုရား ဓာတ်တော်၊ ရဟန္တာကြီးများ ဓာတ်တော်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို တန်ခူးလဆန်း၁၄ရက် နံနက်ရနာရီတွင် ကျင်းပပြီး အထူးခုနစ်ရက်တရားစခန်းပွဲကို တန်ခူးလဆန်း၁၁ရက်မှ တန်ခူးလပြည့်ကျော်၅ရက်၊(နှစ်ဆန်း၁ရက်)အထိ ကျင်းပမည်ဖြစ်ရာ ဖုန်း– ၀၅၃–၂၀၄၃၂၊ ၅၀၄၅၆၊ ၅၀၆၄၄ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# မဒေးရေလှောင်တမံ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၄၀၀၀ကို ရေပေးဝေနိုင်မည်

**✻ ကျောဖုံးမှ**

## သွားရောက်ခဲ့

ယင်းရေလှောင်တမံစီမံကိန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို ဒေသနေ ပြည်သူများအား ဝမ်းသာဝမ်းမြောက် သတင်းစကား ပြန်ကြားပေးရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က ကွင်းဆင်းသွားရောက်ကာ တွေ့ဆုံမေးမြန်းခဲ့ကြပါသည်။

## တည်ဆောက်နေ

မဒေးရေလှောင်တမံကြီးကို မကွေးတိုင်း ကံမမြို့နယ် ပုသိမ်–မုံရွာကားလမ်းမကြီး၏ အနောက်ဘက် သုံးမိုင်အကွာ ကြို့ပင်ရွာအနီး မဒေးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

## လုပ်ကိုင်ဆောင်ရွက်နေ

မဒေးချောင်းပေါ်တွင် ဆည်တည်ဆောက်ရေးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ကြီးကြပ်၍ အင်ဂျင်နီယာများက ရေလှောင်ရန်ချောင်းပိတ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြသည်။

မဒေးရေလှောင်တမံစီမံကိန်းသည် မဒေးချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေဧက ၅၄၀၀၀ကို သိုလှောင်၍ ကံမမြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ၏ လယ်မြေ ဧက ၄၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မြန်မာ့အလင်းသို့ရှင်းပြသည်။

ယင်းရေလှောင်တမံကို နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၈၁၁၀၀ စီးဝင်လာမည်ကို လေ့လာတွက်ချက်၍ အမြင့်ပေ ၁၅၅ပေ၊ ပင်မတမံအလျား ပေ၁၈၂၀၊ ကုန်းကြောတမံပေ ၁၂၀၀ တည်ဆောက်နေကြောင်း၊ တည်ဆောက်ပြီးစီးသွားပါက ရေပြည့် ဧကပေ ၅၄၀၀၀ကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ရေသိုလှောင်မှု

အဆိုပါ ရေလှောင်တမံကြီး တည်ဆောက်ပြီးစီးသွားပါက ရေသေသိုလှောင်မှုမှာ ဧကပေ ၁၀၀၀၀ရှိမည်ဖြစ်ပြီး ကန်ရေပြည့်ဧရိယာမှာ ဧကပေ၈၆၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

## ၉၀ ရာခိုင်နှုန်း

ယင်းရေလှောင်တမံတွင် အကျယ် လေးပေ၊ အမြင့်ခြောက်ပေ တစ်ပေါက်နှင့် အချင်း ၂၄ လက်မ Penstock တစ်ပေါက်တို့ ပါဝင်သော သံကူကွန်ကရစ်လုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်နေရာ မြေကြီးလုပ်ငန်း ၉၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အလားတူ ရေပိုလွှဲလုပ်ငန်း၊ မြေကြီး လုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများအပါအဝင် ပင်မရေလှောင်တမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ဆန်ရေဖောက်စနစ်တည်ဆောက်ခြင်း၊ လုပ်ငန်းများကို အဆိုင်းသုံးဆိုင်းခွဲ၍ ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

## စိမ်းလန်းစိုပြည်ရေး

မဒေးရေလှောင်တမံ စီမံကိန်းနှင့် အကူရေလှောင်တမံ၏ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် သစ်ပင်၊ ပန်းပင်မျိုးစုံကိုလည်း စိုက်ပျိုးထားသည်။

အဆိုပါ မဒေးရေလှောင်တမံစီမံကိန်းကို နိုင်ငံတော်ကငွေကျပ် သန်း၆၀၀ကျော် အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိကြောင်း။

**ကံမမြို့နယ် မဒေးရေလှောင်တမံ ဘဲနှုတ်သီးရေပိုလွှဲနံရံ တတိယအဆင့်ကို စက်ယန္တရားများဖြင့် ကွန်ကရစ်လောင်းနေစဉ်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပါက စိုက်ပျိုးမြေဧက ၄၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

## တိုးတက်ဖြစ်ထွန်း

အချုပ်အားဖြင့် နိုင်ငံတော်က မကွေးတိုင်း ကံမမြို့နယ် မဒေးရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း သတင်းစကား ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ကံမမြို့နယ် မဒေးရေလှောင်တမံစီမံကိန်း၏ မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆–၃–၂၀၀၆ရက်ထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈–၃–၂၀၀၆ရက်မှ ၂၆–၃–၂၀၀၆ရက်အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**(က) ကြက်သေဆုံး/ဖျက်ဆီးမှု**

ကြက်များစတင်သေဆုံးကာလမှ၂၆–၃–၂၀၀၆ရက်အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေ အတွင်းရှိ ကြက်ခြံ(၉၃)ခြံ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင်(ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှု ကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ၉၉ခြံ၌ မွေးမြူထားရှိသည့်ကြက်၁၁၁၉၁၉ကောင်အနက်၂၀၆၀ကောင်သေဆုံးပြီး၉၆၁၅၉ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင်အတွင်း ကြက်၈၇၉၁ကောင်သေဆုံးပြီး၁၂၀၉၉၅ကောင်နှင့် ကြက်ဥ ၅၆၀လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

**(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု**

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ (၄၄)ခြံမှငုံး၁၁၅၆၅၀ကောင်၊ ငုံးဥ၅၀၅၁၅လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁နှင့် ငုံးဥ၅၀၅၁၅လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

**(ဂ) ကြက်တုပ်ကွေးဗိုင်းရပ်စ်နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု**

ကနဦးကြက်သေဆုံးမှု သတင်းရရှိသည့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေး ခြံ၄၇ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ခုရယူ၍ ချက်ချင်းအဖြေရစမ်းသပ်စစ်ဆေးနည်း(Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း(HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း(HI) နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ၃၅ခြံ၏ နမူနာ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး$H_5N_1$ ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း**။ ။မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာဒေသ အာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီး ဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်/ရပ်ကွက် အာဏာပိုင်များ၊ သက်ဆိုင်သည့်မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြား ပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရကြက်ငှက်တုပ်ကွေး ရောဂါပိုးတွေ့ရှိသောခြံမှ တစ်ကီလိုမီတာ ပတ်ပတ်လည်အတွင်း မွေးမြူထားသည့် ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention)အတွက် ကြက်များကို ဖျက်ဆီးခြင်းပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀လုံးတို့ကို စနစ်တကျဖျက်ဆီး ခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ သုံးကီလိုမီတာနှင့် ခုနစ်ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ်သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့် အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှု လျော့ကျပြီး ရောဂါပျံ့နှံ့မှု ထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီ ဖြစ်ပါသည်။

၃။ **၂၆–၃–၂၀၀၆ရက်အထိ နောက်ဆုံးအခြေအနေ**။ ရွှေဘို၊ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ် တစ်ခုလုံးအနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီ ဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးအဖွဲ့(FAO)ဒေသညှိနှိုင်းရေးမှူး Dr. K.Wantaneeနှင့် အမေရိကန်နိုင်ငံ USAIDမှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthurတို့သည် ၁၆–၃–၂၀၀၆ရက်မှ ၁၈–၃–၂၀၀၆ရက်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံဂျီလောင်းမြို့ဒေသ ကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါ စစ်ဆေးရေး ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ (FAO, JICAနှင့် ဩစတြေးလျနိုင်ငံ၊ ဂျီလောင်းမြို့ ဒေသကိုးကား ဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ် လုပ်ငန်းသုံးပစ္စည်းများ အမေရိကန် ဒေါ်လာတစ်သိန်းတန်ဖိုးခန့်လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ကျွမ်းကျင်ပညာရှင်သုံးဦးတို့သည် FAOဒေသ ညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈–၃–၂၀၀၆ရက်မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသ များသို့ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည် ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူရောင်းဝယ်ရေး လုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ ။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။**

# နွေရာသီအခြေခံအားကစားသင်တန်းများဖွင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စီစဉ်မှု၊ အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်လျက်ရှိသည့် ၂၀၀၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို မတ်၁၄ရက်မှစတင်၍ ရန်ကုန်တိုင်းအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းများ၌ တစ်ပြိုင်တည်းဖွင့်လှစ်လျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ်၂၉ရက် နံနက်၇နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီ အခြေခံ ဂူရှူးအားကစားသင်တန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားကာ သင်တန်းနည်းပြဆရာများအတွက် သင်တန်းစရိတ်ငွေများ ထောက်ပံ့ပေးအပ်သည်။**

ပဒုမ္မာအားကစားကွင်းရှိ နွေရာသီ အခြေခံ ဂူရှူးသင်တန်း၌ သင်တန်းသား၄၀၀တက်ရောက်သင်ကြားလျက်ရှိပြီး အလားတူ ဂူရှူးသင်တန်းများကို ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၌ လည်းကောင်း၊ ရန်ကင်းပညာရေးကောလိပ်၌လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁)(သုဝဏ္ဏ)၌လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့်ကမာရွတ်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်းကောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

## ရေကူးနှင့်ဒိုင်ဗင်

ဆက်လက်၍ဝန်ကြီးသည် နံနက် ၇နာရီခွဲတွင် ဦးဝိစာရလမ်းရှိအမျိုးသားရေကူးကန်သို့ သွားရောက်၍ ၂၀၀၆ ခုနှစ် နွေရာသီအခြေခံရေကူး သင်တန်းများနှင့် ဒိုင်ဗင်သင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။

## အခြေခံဘောလုံး

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နံနက် ၈နာရီတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းအမှတ်(၃)၌ ၂၀၀၆ခုနှစ် နွေရာသီအခြေခံဘောလုံး အားကစားနည်းသင်တန်းသားများ၏ လေ့ကျင့်နေမှုများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအတွက် ဘောလုံး အားကစားသမား ပစ္စည်းများနှင့် ထောက်ပံ့စရိတ်ငွေများ ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် ပဒေသာဘောလုံးကွင်း၌ ဖွင့်လှစ်သည့် ၂၀၀၆ ခုနှစ် နွေရာသီ အခြေခံဘောလုံး သင်တန်းသားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးအမှာစကားပြောကြားပြီးသင်တန်းသားများအတွက် ဘောလုံး အားကစားပစ္စည်းများကိုလည်းကောင်း၊ နည်းပြဆရာများအတွက် ထောက်ပံ့စရိတ်ငွေများကိုလည်းကောင်း ချီးမြှင့်ရာ တာဝန်ရှိသူတို့က အသီးသီး လက်ခံရယူကြသည်။

## ပိုက်ကျော်ခြင်း

ဆက်လက်၍ ဝန်ကြီးသည်နံနက် ၈နာရီခွဲတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံသို့ ရောက်ရှိလာပြီး သင်တန်းသားများနှင့် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများအား အားပေးအမှာစကား ပြောကြားပြီး သင်တန်းအတွက် ပိုက်ကျော်ခြင်းအားကစားပစ္စည်းများနှင့်သင်တန်းနည်းပြများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

၂၀၀၆ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများကို ရန်ကုန်တိုင်းအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များရှိ အားကစားကွင်း၊ အားကစားရုံများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာ တင်းနစ်၊ ဘတ်စကက်ဘော၊ ဂူရှူး၊ သိုင်း၊ ကရာတေးဒို၊ စက်ဘီး၊ ဘော်လီဘော၊ ခရစ်ကက်၊ ကာယ ဗလ/ကာယအလှ၊ဘော့စ်ဘော၊ ဘိလိယက်နှင့် စနူကာ ၊ကြက်တောင်၊ ဟော်ကီ၊ စက်ဘီး၊ ပြေးခုန်ပစ်၊စားပွဲတင် တင်းနစ်၊ လှေလှော်၊ ကျွမ်းဘား၊ပိုက်ကျော်ခြင်း၊ ဂျူဒို၊ အလေးမ၊ အေရိုးဗစ်၊ မြားပစ်၊ ခြင်းလုံး၊ တိုက်ကွမ်ဒို၊ သေနတ်ပစ်၊ စစ်တုရင်၊ လက်ဝှေ့၊ ရွက်လှေ၊ ဘော လုံး၊ ရေကူး စုစုပေါင်း အခြေခံအားကစားနည်း၃၀ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်းတိုးချဲ့မြေကွက်ဝယ်ယူရေးအတွက် အမှတ်၁၆/က မကြီးကြီးလမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်စန်းမြင့်နှင့် သားသမီးမြေးတစ်စုက ဦးမြင့်သိန်းအားရည်စူး၍ ငွေကျပ်တစ်သိန်း၊အမှတ် ၂၅/က (မြကြာညိုခြံ) ရွာမကျောင်းလမ်း လှိုင်မြို့နယ်နေ ဒေါက်တာလှရှိန်-ဒေါက်တာညိုညိုသိန်း၊ သမီး မနှင်းအိအိလှိုင် သား မောင်ခန့်ဇင်မင်းသန့်တို့က ငွေကျပ်တစ်သိန်းတို့ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် တာဝန်ခံ ဒေါက်တာအေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရလူပုဂ္ဂိုလ် ၁၂ ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရဋ္ဌသာရ၏ သက်တော်(၈၀)ပြည့်ဝိဇာတပူဇော်ပွဲနှင့်အဆိုပါကျောင်းတိုက်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးနှင့် ယင်းကျောင်းတိုက်အား ထောက်ပံ့လှူဒါန်းလျက်ရှိကြသော သာသနာ့နုဂ္ဂဟဘွဲ့ရလူပုဂ္ဂိုလ် ၁၂ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲမင်္ဂလာအခမ်းအနားကို မတ်၁၉ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် စိန်ရတုငါးထပ်ကျောင်းဆောင်၌ ကျင်းပရာ ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရဋ္ဌသာရထံမှ သြဝါဒ ကထာကိုနာယူကြသည်။

## ချီးမြှင့်

ထို့နောက် အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်နှင့် ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား ချီးကျူးဂုဏ်ပြုလွှာများ ဆက်ကပ်လှူဒါန်းပြီး သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်၁၂ဦးတို့အား ချီးကျူးဂုဏ်ပြုလွှာနှင့် ဆုတံဆိပ်တော်များ ချီးမြှင့်သည်။

## ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဒုတိယပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိဓဇ၏ ထေရုပ္ပတ္တိကို ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြင်ခိုင်က ဖတ်ကြားပူဇော်ပြီး ဆရာတော်များအား တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

**တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် ခေတ်ရွှေဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ခန်းမတွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မတ်၂၉ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးစိုင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များနာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**လမ်းလျှောက်ခြင်းသည်**

**၁။ သွေးတိုးကျစေသည်။**
**၂။ နှလုံးရောဂါကိုကာကွယ်နိုင်သည်။**
**၃။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။**
**၄။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။**
**၅။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။**
**၆။ ကြွက်သားများသန်စွမ်းဖျတ်လတ်စေသည်။**
**၇။ သွေးအတွင်းမှအဆီကျစေသည်။**
**၈။ သွေးအတွင်းမှသကြားဓာတ်ကျစေသည်။**
**၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။**

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် မတ် ၃၁**

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ခွဲ(၁၈၁)၌ (၅၄)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဧပြီ၇ရက်မှ ၁၆ရက်အထိကျင်းပမည်ဖြစ်ရာ မိုးကုတ် ဓမ္မကထိက ဆရာတော် ဦးနန္ဒောဘာသ သုဝဏ္ဏ သီဂီပရိယတ္တိ စာသင်တိုက် သုဝဏ္ဏမြို့က သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများ ဖုန်း-၅၃၇၃၂၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**မတ်၂၆ရက်က ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏(၅၃)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေးက သီဟသုဓမ္မ သီဂီဘွဲ့ရ ဒေါ်ရင်ကြွေအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (က-ပ)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

**ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသာအခြေအနေအထိ ဖြစ်တတ်ပါသည်။**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

## မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂဏ်စ်ဘူးဖြင့် ကစားက

| | | | |
|---|---|---|---|
| ၁။ | လက်ဝယ်တွေ့သူ | – | ထောင်(၁)နှစ် |
| ၂။ | ကစားသူ | – | ထောင်(၃)နှစ် |
| ၃။ | ထုတ်လုပ်ရောင်းချသူ | – | ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း |

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

## သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချုပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက် ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

## သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

## သတိ

## ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

## ရွှေမင်းဝံအဂ္ဂမဟာပူဇော်ပွဲ

**ရန်ကုန် မတ် ၃၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဆက်ကပ်လှူဒါန်းသောအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တ သောဘန (မဟာကမ္မဋ္ဌာနာစရိယ) မထေရ်အား အဂ္ဂမဟာပူဇော်ပွဲနှင့် သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော ရှမ်းလေးမဟာ ဓမ္မဗိမာန်တော်ကျောင်းအမကြီး ဒေါ်ကြူကြူသင်းအား ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားမင်္ဂလာကို ၁၃၆၇ခုနှစ် တန်ခူးလဆန်း ၅ရက် (ဧပြီ ၂ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ရွှေမင်းဝံ သာသနာ့ရိပ်သာ မဟာဓမ္မ ဗိမာန်တော် အပေါ်ထပ်တွင် စတင်ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

## စိန်စည်သာသနာ့ရိပ်သာ ဂိမှာန်ဦးအထူးတရားစခန်း

**ရန်ကုန် မတ် ၃၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံစိန်စည်သာသနာ့ရိပ်သာဂိမှာန်ဦးအထူးတရားစခန်းကို ဧပြီ ၉ရက်မှ ၁၈ရက်အထိ ၁၀ရက် တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ယင်းတရားစခန်းတွင် စိန်စည်ဆရာတော်က မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီသူတော်စင်များဧပြီ ၈ရက်မွန်းလွဲ၂နာရီ အရောက်ကြွရောက်တရားအားထုတ်နိုင်ပြီး အရဏ်ဆွမ်း၊နေ့ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ ရိပ်သာဖုန်း-၅၈၁၀၆၇သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အထက(၁)ဒဂုံတွင် ၁၉၇၅ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂၆ရက်တွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးများထံ ကန်တော့ပစ္စည်းများ ပေးအပ်ကြစဉ်။ (က-ပ)

## (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင် ဂေါက်ကလပ်၌ ဧပြီ ၁၂ ရက်မှ ၁၅ရက်အထိ ကျင်းပမည်

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

### ဆုများချီးမြှင့်

အဆိုပါ ပြိုင်ပွဲတွင် Professional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းအဆင့် Handicap (သုညမှ ၁၂)ချက်အထိရှိသူများပြိုင်ပွဲ၊ အသင်းလိုက်ရွှေအဆင့်ပြိုင်ပွဲ၊ အသင်းလိုက် ငွေအဆင့်ပြိုင်ပွဲ၊ အသင်းလိုက် ကြေးအဆင့်ပြိုင်ပွဲ၊ အမျိုးသား အပျော်တမ်း တစ်ဦးချင်း ရွှေအဆင့်ပြိုင်ပွဲ၊ ငွေအဆင့်ပြိုင်ပွဲနှင့် ကြေးအဆင့်ပြိုင်ပွဲ၊ (သုညမှ ၁၈) ချက်အထိရှိသူများ ပြင်ဦးလွင်ဖလားပြိုင်ပွဲ၊ အမျိုးသား သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီး ပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားတို့သည် ဧပြီ ၁၀ရက် ညနေ ၄နာရီနောက်ဆုံးထား၍လည်းကောင်း၊ ကျန်ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားတို့သည် ပြိုင်ပွဲမစတင်မီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြင်ဦးလွင် ဂေါက်ကလပ်ပြိုင်ပွဲကျင်းပရေးရုံးခန်းမ၌အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ဖုန်း ၀၈၅-၂၂၃၈၂၊ ၀၉-၂၀၄၄၄၀၇၊ ၀၉-၂၀၄၄၀၇၅ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

### တာဝန်ယူဆောင်ရွက်

(၄၈)ကြိမ်မြောက်သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် ပြင်ဦးလွင် ဂေါက်ကလပ်နှင့် Han Event Management တို့ကတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်း ကွာတားဖိုင်နယ်တက်ရောက်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ ကမ္ဘောဇအသင်းက လယ်ယာထွက်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### အကောင်းဆုံးကစား

ကွင်းဖွင့်ဖလား ချန်ပီယံကမ္ဘောဇအသင်းတွင် အထူးအားထားရသော တိုက်စစ်မှူး ထွန်းမင်းဦးနှင့် နောက်တန်းလူ ဟန်ဝင်းအောင်တို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း ရှိသည့်လူအင်အားဖြင့် အကောင်းဆုံးကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေပွဲဖြစ်နေသည်။

### ဂိုးသွင်းယူ

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်းက ဦးဆောင်ဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားရာ ဂိုးသွင်းခွင့်များရရှိခဲ့သည်။ ကမ္ဘောဇအသင်းအတွက် ခြေစွမ်းပြဂိုးများသွင်းယူပေးနေသော တိုက်စစ်မှူး ကျော်သီဟသည် ဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးမဝင်ခဲ့၍ ဂိုးကံခေသည်ဟု ဆိုရပေမည်။ ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၆၅မိနစ်တွင် အသင်းခေါင်းဆောင်နေဝင်း ထိုးပေးသည့်ဘောလုံးကို ရာဇာစိုးက ဆွဲယူသွားပြီး ပယ်နယ်တီဧရိယာအတွင်းမှ ကန်သွင်းယူခြင်းဖြစ်သည်။

### ဆုဖလားနှစ်လုံး

လယ်ယာထွက်ကုန်အသင်းက ချေပဂိုးရရှိရေးအတွက် ကစားသမားများ လဲလှယ်ကာတိုက်စစ်အားမြှင့်တင်ခဲ့သည်။ လယ်ယာထွက်ကုန်အသင်း၏ ကစားအားတင်လာမှုကို ကမ္ဘောဇအသင်း နောက်တန်းလူများကြံ့ကြံ့ခံကာကွယ်နိုင်ခဲ့၍ ပွဲအပြီးတွင် ကမ္ဘောဇအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ မြို့တော်စည်ပင်အသင်းနှင့် ဧပြီ၅ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘောဇအသင်းသည် ကွင်းဖွင့်ဖလားပွဲ၌ ဗိုလ်စွဲထားရာ ယခုကွင်းပိတ်ပြိုင်ပွဲ၌ ဗိုလ်စွဲပါက ဘောလုံးရာသီတစ်ခုအတွင်း ဆုဖလားနှစ်လုံးရရှိသည့် မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

### ယနေ့ပွဲ

ဧပြီ၁ရက် **(ယနေ့)** ညနေ၃နာရီ၄၅မိနစ်တွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## အငယ်တန်းစနူကာပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်၊ လမ်းမတော်ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co., Ltd.တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် အငယ်တန်း စနူကာပြိုင်ပွဲ (Snooker Juniar 2006)ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက လမ်းမတော်ပလာဇာ (သံဈေး) တတိယထပ်ရှိ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးနှင့်တာဝန်ရှိသူများ၊ ဆုရအား ကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပေးအပ်

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ကြသော ညီညီ၊ အာကာစိုးရင်၊ ချစ်ကိုကို၊ စိုးထက်မောင်နှင့် ဇေယျာထက်တို့အား ငွေကျပ်နှစ်သောင်းစီ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမှတ်အများဆုံးထိုးသူဆုရရှိသော ဟိန်းလွင်မိုးအား ငွေကျပ်ငါးသောင်းနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။

### ချီးမြှင့်

ထို့နောက် လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာ Pelican Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးက တတိယရရှိသော ရည်ဟိန်းအား ငွေကျပ်တစ်သိန်းနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယရရှိသော မိုးအောင်သူအား ငွေကျပ်နှစ်သိန်းနှင့် ဆုတံဆိပ်၊ ပထမရရှိသော ဝင်းခိုင်အား ငွေကျပ်ငါးသိန်းနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ် လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်အပ်ပါသည်။

# ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများယှဉ်ပြိုင် ရှော်လ်ကေး၊ ဘေဆယ်နှင့် ဆီဗီလာတို့ နိုင်ပွဲများရရှိ

**စုစည်းရေးသားသူ**
**မြင့်မောင်စိုး**

လန်ဒန် မတ် ၃၁

**ယူအီးအက်ဖ်အေဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပြိုင်ပွဲများကို မတ် ၃၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ရှော်လ်ကေး–၀၄၊ ဘေဆယ်နှင့် အက်ဖ်စီဆီဗီလာအသင်းတို့ အသီးသီးနိုင်ရရှိခဲ့ကြသည်။**

သို့ရာတွင် ရက်ပစ်ဘူခါရက်အသင်းနှင့် စတုအာဘူခါရက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

## ဂိုးပေးလိုက်ရ

ဘေဆယ်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလို မစ်ဒယ်ဘရော့အသင်း နှစ်ဂိုးအသွင်းခံလိုက်ရသဖြင့် ခက်ခဲသောတောင်တစ်တောင်လို တက်ရမည့်အနေအထားသို့ ရောက်ရှိသွားသည်။ ၄၃ မိနစ်တွင် အာဂျင်တီးနားကစားသမား ဒယ်ဂါဒိုက အဝေးမှကန်သွင်းလိုက်စဉ် မစ်ဒယ်ဘရော့ ဂိုးသမား ရှာဝါဇာ ပြင်ဆင်ချိန်မရဘဲ ဂိုးပေးလိုက်ရသည်။

၄၅မိနစ်ပြည့်ချိန်တွင် ကွင်းလယ်ကစားသမားဒေးဗစ်ဒီဂန်က ဘေဆယ်အသင်းအတွက် ဒုတိယမြောက် ထပ်ဆင့်ဂိုး သွင်းယူလိုက်သဖြင့် မစ်ဒယ်ဘရော့တို့ အခက်အခဲနှင့် ရင်ဆိုင်လိုက်ရသည်။

## နေ့ကွေးသွားရ

မစ်ဒယ်ဘရော့ ကစားသမား ရစ်ဂေါ့ခေါင်းတိုက်သွင်းယူသော ဂိုးမှာလည်း ဘားတန်းထိသွားသဖြင့် ကံမကောင်းဖြစ်ခဲ့ရသည်။ မစ်ဒယ်ဘရော့အသင်းသည် ရိုးမားအသင်းကို အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာရာဖလားရရှိရေးအတွက် ယုံကြည်မှုအပြည့်အဝဖြင့် ယှဉ်ပြိုင်မှုမှာ ခြေလှမ်းများ နေ့ကွေးသွားရသည်။

ဆွစ်ဇာလန် ချန်ပီယံ ဘေဆယ်အသင်းသည်သုံးနှစ်တာကာလအတွင်း အိမ်ကွင်းလိဂ်ပြိုင်ပွဲများတွင် တစ်ပွဲမျှ ရှုံးနိမ့်ထားခြင်းမရှိကြောင်း သိရသည်။

## ဦးဆောင်ခွင့်ရရှိ

ဘေဆယ်ကစားသမားဒီဂန်သည် ဒုတိယမြောက် အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သော်လည်း အဝါကတ် အပြခံရသည့် ဘောလုံးသမားဖြစ်သွားသည်။ ဘေဆယ်ဂိုးသမား ဇူဘာဘူလာသည် မင်ဒီယက်တာအဝေးမှကန်လိုက်သောဘောလုံးကို ကံကောင်းထောက်မ၍ ကာကွယ်ပေးနိုင်ခဲ့သည်။ ၄၃ မိနစ်တွင် ဒယ်ဂါဒို ဘောလုံးကို ကောက်ယူပြီး ဝဲဘက်တောင်ပံ ၃၅ ကိုက်အကွာမှ ဘောလုံးကို တည်ကန်လိုက်ရာ မစ်ဒယ်ဘရော့ ဂိုးသမား ရှာဝါဇာ ပြင်ဆင်ချိန်မရဘဲ ဂိုးပေးလိုက်ရသည်။ ပထမပိုင်း ပွဲပြီးချိန်တွင် ဒီဂန်က ထပ်ဆင့်ဂိုးသွင်းလိုက်သဖြင့် ဘေဆယ်တို့ ဦးဆောင်ခွင့် ရရှိသွားသည်။

> **ဘေဆယ်အသင်းနှင့်မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘေဆယ်အသင်းမှဒေးဗစ်ဒီဂျင် ဒိုင်ဗင်ထိုး၍ ဘောလုံးကို ဖျက်ထုတ်ရန်ကြိုးစားစဉ်။**
> (ဓာတ်ပုံ–အင်တာနက်)

## ရှော်လ်ကေး–၀၄ နိုင်

ရှော်လ်ကေး–၀၄ အသင်းသည် လက်စကီဆိုဖီယာအသင်း အိမ်ကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သည်။ လက်စကီဆိုဖီယာအသင်းမှ စီဒရစ်ဘာဒွန်သည် ၃၅မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ရှော်လ်ကေး–၀၄အသင်းအတွက် အနိုင်ဂိုးများကို ဥရုဂွေး ကစားသမား ဂူစတာဗိုဗာရီလာ၊ ဘရာဇီးမှ လင်ကွန်း၊ ဂျာမန် တိုက်စစ်မှူး ဂျီရယ် အဆာမိုတို့က ဒုတိယပိုင်းတွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရှော်လ်ကေး–၀၄ ဂိုးသမား ဖရန့်ရော့ခ်သည် ယင်းပွဲ၌ ထူးချွန် ပြောင်မြောက်စွာ ကစားပြနိုင်ခဲ့သည်။

> **လက်စကီဆိုဖီယာအသင်းနှင့် ရှော်လ်ကေးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရှော်လ်ကေးမှ အဆာမို(ဝဲ) ဘောလုံးကို အကြိတ်အနယ်လုယူစဉ်။**
> (ဓာတ်ပုံ–အင်တာနက်)

လက်စကီဆိုဖီယာအသင်းသည် ယခင်က အိမ်ကွင်း၌ ရှုံးပွဲမရှိစံချိန်တင်ထားသည့်အသင်းဖြစ်သည်။ ပွဲစပြီး ခြောက်မိနစ်အကြာတွင် ဘိုရီမီရော့ဗ်၏ ဂိုးဖြင့် ဆိုဖီယာအသင်း ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထိုနေ့က ရက်ပစ်ဘူခါရက်အသင်းနှင့် စတုအာဘူခါရက်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။ ရက်ပစ်ဘူခါရက် တိုက်စစ်မှူး မော်ဒိဗန်က ပြိုင်ဘက် စတုအာဘူခါရက်အသင်းကို မိနစ် ၅၀တွင် တစ်ဂိုး–တစ်ဂိုး သရေပွဲလုပ်ပေးနိုင်ခဲ့သည်။ ဥရောပ ချန်ပီယံဟောင်း စတုအာအသင်းက ပွဲစပြီးလေးမိနစ်အကြာတွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို တောင်ပံကစားသမား နီကိုလီတာက သွင်းယူခဲ့ခြင်းဖြစ်သည်။

## သရေချာ

တစ်ဖန် ဆီဗီလာအသင်းနှင့် ဇီးနက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဆီဗီလာအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သည်။ ယင်းဂိုးရလဒ်ဖြင့် ဆီဗီလာတို့ အကြိုဗိုလ်လုပွဲနေရာအတွက် သရေချာသလောက်ရှိနေသည်။

## ချေပနိုင်

ဆီဗီလာအသင်းအတွက် ဆာဗီယိုလာက နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ၎င်းသည် ၁၅မိနစ်တွင် တစ်ဂိုး၊ မိနစ် ၈၀ တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ အလက်ဇန္ဒားကာဇာကော့ဗ်က ၄၅မိနစ်တွင် ဆာဗီယိုလာ၏ဂိုးကို ချေပနိုင်ခဲ့သည်။

## အားထားရ

ဆာဗီယိုလာ နောက်တစ်ဂိုးမသွင်းမီ ဇီးနက်နောက်တန်းလူ အီရစ်ဟာဂျင် ကြမ်းတမ်းစွာ ကစားသဖြင့် ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြပြီး ပယ်နယ်တီပေးလိုက်သည်။ ယင်းပယ်နယ်တီဂိုးကို ဂျို့စ်လူးဝစ်မာတီက သွင်းယူလိုက်သည်။ ဇီးနက်ကစားသမား အာရှာဘင်သည် ပွဲသိမ်းချိန်တွင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရပြန်သည်။ ဇီးနက်အသင်းမှ အထုတ်ခံရသော ကစားသမားနှစ်ဦးသည် အဓိကအားထားရသော ကစားသမားဖြစ်သည်။

## သွင်းယူ

ဆီဗီလာအသင်းသည် ဆာဗီယိုယာ၏ ဖွေဆော်ဦးဂိုးကြောင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ယင်းဖွေဆော်ဦးဂိုးကို ၁၂ကိုက်အကွာမှ သွင်းယူလိုက်ခြင်းဖြစ်သည်။

အထက်ပါ ဘောလုံးပွဲစဉ်များသည် ဧပြီ ၆ ရက်တွင် ဒုတိယအကျော့ ကွာတားဖိုင်နယ်ပွဲများအဖြစ် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ။

**(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## ကမ္ဘာ့ကြေးအများဆုံးဘောလုံးသမား ဘာစီလိုနာမှ ရော်နယ်ဒင်ဟိုဖြစ်လာ

ဘာစီလိုနာ မတ် ၃၁

**ရော်နယ်ဒင်ဟိုသည် ကမ္ဘာ့ကြေးအများဆုံး ဘောလုံးသမားအဖြစ် လေ့လာချက် တစ်ရပ်တွင် ဖော်ပြထားသည်။**



ကမ္ဘာ့ကြေးအများဆုံးဘောလုံးသမား ရော်နယ်ဒင်ဟို

### ဝယ်ယူထား

**ဘာစီလိုနာက အသက် ၂၆နှစ် အရွယ်ရှိ ရော်နယ်ဒင်ဟိုအား ပေါင်၃၂ဒသမ၆သန်းပေး၍ ဝယ်ယူထားသည်။ အင်္ဂလန်ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်းက ပေါင် ၃၁ ဒသမ ၂သန်းဖြင့် ဒုတိယလိုက်ပြီး ဝိန်းရွန်နေက ပေါင် ၃၀ဒသမ၄သန်းဖြင့် တတိယနေရာတွင် ရှိနေသည်။**

**ဘက်ဟမ်းသည် အကျော်ကြားဆုံး ဘောလုံးသမားအဖြစ် ဆက်လက် ရပ်တည်နေဆဲဖြစ်သည်။ သို့ရာတွင် ရော်နယ်ဒင်ဟိုသည် ဥရောပအကောင်းဆုံးနှင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုများကြောင့် ပို၍ ကျော်ကြားခဲ့သူ ဖြစ်လာသည်။ ချယ်လ်ဆီးမှ လမ်းပတ်က ပေါင်သန်း၂၀ဖြင့် နံပါတ်(၈)နေရာတွင်ရှိပြီး လီဗာပူးမှ စတီဗင်ဂျရတ်က ပေါင် ၁၉ဒသမ၂သန်းဖြင့် နံပါတ်(၁၁)နေရာတွင် ရှိနေသည်။**

### ကမ္ဘာ့ကြေးအများဆုံး ဘောလုံးသမား ၁၀ ဦး

| | | |
|---|---|---|
| ၁။ | ရော်နယ်ဒင်ဟို(ဘာစီလိုနာ) | ပေါင် ၃၂ ဒသမ ၆ သန်း |
| ၂။ | ဒေးဗစ်ဘက်ဟမ်း(ရီးရဲမက်ဒရစ်) | ပေါင် ၃၁ ဒသမ ၂ သန်း |
| ၃။ | ဝိန်းရွန်နေ(မန်ယူ) | ပေါင် ၃၀ ဒသမ ၄ သန်း |
| ၄။ | ဆမ်မြူရယ်အီတိုး(ဘာစီလိုနာ) | ပေါင် ၂၁ ဒသမ ၃ သန်း |
| ၅။ | လီယိုနယ်မက်ဆီ(ဘာစီလိုနာ) | ပေါင် ၂၁ ဒသမ ၁ သန်း |
| ၆။ | ဇလတ်တန်အီဘရာဟီမိုဗစ်(ဂျူဗင်းတပ်စ်) | ပေါင် ၂၀ ဒသမ ၉ သန်း |
| ၇။ | ရော်နယ်ဒို(ရီးရဲမက်ဒရစ်) | ပေါင် ၂၀ ဒသမ ၄ သန်း |
| ၈။ | ဖရန့်လမ်းပတ်(ချယ်လ်ဆီး) | ပေါင် သန်း၂၀ |
| ၉။ | သီယာရီအွန်နရီ(အာဆင်နယ်) | ပေါင် ၁၉ ဒသမ ၉၅ သန်း |
| ၁၀။ | မိုက်ကယ်ဘောလက်(ဘေယန်မြူးနစ်) | ပေါင် ၁၉ ဒသမ ၉ သန်း |

**(အင်တာနက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁–၄–၂၀၀၆ရက် (စနေနေ့)**

### နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ ခါသကြီန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

### နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၅၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
- ၁၃:၀၅ ၈။ လောကနီတိ(၂) **"မိတ်ကောင်း ဖော်မွန်"** ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ (ဒါရိုက်တာ–ခင်ဇော်)
- ၁၃:၅၀ ၉။ သန့်ရှင်းသပ်ရပ်ဖွံ့ဖြိုးသာယာမြို့မန္တလာ
- ၁၄:၀၀ ၁၀။ အဆိုပြိုင်ပွဲ
- ၁၄:၁၀ ၁၁။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၂၅ ၁၂။ အတီးပြိုင်ပွဲ
- ၁၄:၃၀ ၁၃။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊စိန်ဂွက်ထော် (ဒါရိုက်တာ–မောင်မောင်မြင့်)
- ၁၄:၃၅ ၁၄။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၁၄:၄၅ ၁၅။ Internationnal News
- ၁၅:၀၀ ၁၆။ အစီအစဉ်ပြီး၏

### ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၀၀ ၃။ English for Everyday Use.
- ၁၆:၄၀ ၄။ အရေးပြိုင်ပွဲ
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၁၅ ၇။ နားဝင်ပီယံ သူ့လက်သံ
- ၁၇:၂၅ ၈။ ခါသကြီန်အဆိုအကများ
- ၁၇:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ Discovery
- ၁၈:၅၀ ၁၃။ စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ပါ မြန်မာ့ရိုးရာ မဟာသင်္ကြန်မှာ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်" (အပိုင်း–၃)**
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်" (အပိုင်း–၃၅)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

## ရေကူးမြို့မရိပ်သာကျောင်း ခုနစ်ရက်တရားစခန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၈) ရပ်ကွက် ဘုရားကြီးလမ်းရှိ ရေကူးမြို့မရိပ်သာကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါတရားစခန်းပွဲ၌ ဘဒ္ဒန္တဂါရဝ (သာသနဓဇ ဓမ္မာစရိယ၊ မဇ္ဈိမနိကာယပါဠိရဂူ၊ မဏ္ဍိုင်အလင်္ကာမှတ်စုနှင့် မဏ္ဍိုင်ကျမ်းပြု ဆရာတော်)က မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဟောကြားတော်မူမည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ဓမ္မ ယောဂီများ ဘဒ္ဒန္တသုမန ရေကူးမြို့မရိပ်သာကျောင်းတိုက် ဖုန်း–၆၅၁၃၈၅သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က–ပ)**



## ကျေးလက်ရေပေးရေး

**စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ မတ် ၁၂ရက်က ဆားလင်းကြီးမြို့နယ် ကျွဲခိုတောနှင့် ဆင်ဖြူချေကျေးရွာ ကျေးလက်ရေပေးရေး လုပ်ငန်း ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးစဉ်။** (နယ်စပ်/စည်ပင်)

# တံတားမြို့ ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ပြီး ပိုမိုဖွံ့ဖြိုး

တံတား မတ် ၃၀

**ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့ ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စန်း တက်ရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းလှရွှေ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွှန့်၊ တံတားမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းသူရတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဓာတ်ပုံ)**

ယင်းကတ္တရာလမ်းမှာ အကျယ်၁၂ပေ ၊ အရှည်ပေ ၁၁၁၀ရှိပြီး ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၈၈၉၇၈၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်သည်။

**အကျိုးပြု**

အဆိုပါ ကတ္တရာလမ်းသစ် ပြီးစီးသည့်အတွက် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့မှ အိမ်ခြေ ၉၉၅အိမ်နှင့် လူဦးရေ ၅၂၈၄ဦးတို့ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ပြီး လူမှုရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုး တက်ကောင်းမွန်လာကာ တံတားမြို့ရှိ ပြည်သူများအတွက် များစွာအကျိုးပြုကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

# ဆိပ်မူ-လုံးတုံ-အင်းတော်ကြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်

**ဖားကန့် မတ် ၂၄**

ဖားကန့်မြို့ ဆိပ်မူရပ်ကွက် ဆိပ်မူ-လုံးတုံ-အင်းတော်ကြီး ကိုယ့်အား ကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ကတ္တရာလမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းအလှူရှင် ရတနာစိမ်း သမလီမိတက်မှ ဦးထွန်းထွန်းက ကတ္တရာလမ်းလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ဆိပ်မူ-လုံးတုံ-အင်းတော်ကြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာ လမ်းသစ်ကို ရတနာစန်းရွှင် ကုမ္ပဏီမှ ဦးချင်းရွှေ၊ ရတနာစိမ်းသမလီမိတက်မှ ဦးထွန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(နယ်စပ်/စည်ပင်)**

**တံတာမြို့ ယင်းမာလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းစစ်ဆေးရာ တာဝန်ခံဦးမျိုးတင့်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်မျိုးထက်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**ချောင်းဆုံ မတ် ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မတ် ၉ ရက်မှစတင်၍ ကမာမိ၊ ဒရယ်၊ ကလွို၊ ကမာကေး၊ မုရစ်ကလေးနှင့် ကရင်ဝင်းစိန်ကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်း များကို အဆိုပါကျေးရွာ စာကြည့်တိုက်များ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်နှင့် ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ နှင့်တွေ့ဆုံပြီး စာကြည့်တိုက်လုပ်ငန်းများနှင့် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက် ချက်များဆွေးနွေးရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ နှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက မိမိကျေးရွာအခြေအနေ၊ ကျေးရွာ စာကြည့်တိုက်အောင်မြင်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေး ကြပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုကို စစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မီးရထားပေါ် မီးဖွားမည့် မအေးအေးမြင့်အား မီးရထားဝန်ထမ်းများအကူအညီဖြင့် ဖြူးဆေးရုံပို့ သမီးမိန်းကလေးမွေးဖွားပြီး မိခင်ပါကျန်းမာ

ဖြူး မတ် ၃၀

မတ်လ ၂၂ ရက် နံနက် ၇နာရီက ရန်ကုန် ဘူတာကြီးမှ ထွက်ခွာ လာသော အမှတ်(၃၁) အဆန်အမြန် ရထားတွဲ အမှတ်(၆) ခုံနံပါတ် ၃၆ တွင် လိုက်ပါလာသည့် ကိုယ်ဝန်ဆောင် မအေး အေးမြင့်သည် ဖြူးမြို့နယ် ကညွတ်ကွင်း ဘူတာ အလွန်တွင် မီးဖွားရန် မခံမရပ်နိုင် ဖြစ်လာသဖြင့် တွဲစောင့် မှတစ်ဆင့် မီးရထားပေါ် ရှိ တာဝန်ရှိသူများက ဖြူးဘူတာသို့ စက်ဖြင့် ကြိုတင်အကြောင်းကြား ပေးခဲ့သည်။

**ပို့ဆောင်**

အဆိုပါအကြောင်း ကြားချက်အရ ဖြူးဘူ တာမှ ရုံပိုင်ကြီး ဆလိုင်း ချိုချိုလွင်နှင့် ဘူတာ ဝန်ထမ်းများသည် ဖြူး ဘူတာ ဆိုက်လာသော ရထားပေါ်သို့တက်ရောက် ပြီး မွေးလူနာ မအေးအေး မြင့်အား တွဲကူချကာ ဘူတာဝန်ထမ်းဦးရန်ကင်း နှင့် အဖွဲ့က ဖြူးဆေးရုံသို့ ချက်ချင်း ပို့ဆောင်ပေး ကြသည်။

ဖြူးဆေးရုံမှ တာဝန် ကျဆရာဝန် ဒေါက်တာ အောင်ဝင်း၊ အထက်တန်း သူနာပြုဒေါ်မြတ်စန္ဒာသန်း နှင့် သူနာပြုဒေါ်ဂျာအိန် တို့က ကြပ်မတ် မွေးဖွား ပေးကြရာ မွန်းလွဲ၁နာရီ ငါးမိနစ်တွင် ကိုယ် အလေးချိန် ခြောက်ပေါင် ရှိသမီး မိန်းကလေး မွေး ဖွားပြီး မိခင်နှင့် ကလေး ပါ ကျန်း မာ လျက် ရှိ ကြောင်းသိရသည်။(၂၈၄)

**ပွင့်ဖြူမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ဆောင်ရွက်သော အင်ကြင်း လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီး ကြပ် ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# မီးသတ်ရေကန် အမိုးများပြုပြင် ရေဖြည့်ဆောင်ရွက်

**တပ်ကုန်း မတ် ၁၀**

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၁ ရက်က မြို့နယ်မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့မှ ဦးဇော်လွင်နှင့်သဒ္ဒါခိက လူမှုရေးအသင်းမှ မီးသတ်ရေသယ်ယာဉ်အဖွဲ့ တို့ ပူးပေါင်း၍ မီးသတ်ရေကန်များနှင့် မြို့မဈေးရှိ မီးသတ်ရေကန်များတွင် အမိုက်နှင့် နုန်းများဆယ်ခြင်း၊ မီးသတ်ရေကန်အမိုးများ ပြုပြင်ခြင်းနှင့် ရေဖြည့်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ **(၂၆၆)**

# ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုး

**မြစ်ကြီးနား မတ် ၁၀**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေလွတ်၊ မြေလပ်များတွင် စိုက်ပျိုးနိုင်ရန်အတွက် မတ် ၁ ရက်က ရေမီးပန်းဥယျာဉ် တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးအောင်မျိုးသက် ကြီးကြပ်သော ပျိုးဥယျာဉ် ဝန်ထမ်းများ စုပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်များတွင် ပျိုးပင် ၅၀၀၀၀ပျိုးထောင်ခြင်းနှင့်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇီးလွန်မြို့ပတ်လမ်း မြေကွက်တွင် ကြက်ဆူပင် ကိုင်းချိုးပျိုးပင်၂၀၀၀၀တို့ကို ပျိုးထောင်ခြင်း နှင့် မျိုးစေ့စိုက်ပျိုးပြီးစီးမှုများကို အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် ဦးစီးမှူး ဦးခင်မောင်နီတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# အမရပူရ မြို့နယ်၌ တောင်သူများ လက်တွေ့ပိုးမွှားကာကွယ်ရေး ပညာပေးသင်တန်းဖွင့်

**မြစ်ငယ် မတ် ၂၇**

မန္တလေးတိုင်း အမရပူရမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက်တောင်သူများ လက်တွေ့ ပိုးမွှားကာကွယ်ရေး ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက် ၁၀ နာရီက မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရှေ့တန်းစခန်းအမှတ်(၃)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာဦးအောင်ကြင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းတို့က ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါး စိုက်ပျိုးမှုနှင့်ပတ်သက်၍ ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်သွားကြရန် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးကျော်မြင့်ဇော်က နွေစပါး စိုက်ပျိုးအောင်မြင်မှု အတွက် ဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သင်တန်းပို့ချ**

ထို့နောက် တိုင်းပိုးမွှားသီးနှံကာကွယ်ရေးဌာန လက်ထောက်ကြီးကြပ်ရေးမှူး ဦးရဲကိုကိုက ရာသီဥတုအလိုက် စိုက်ပျိုးမည့်သီးနှံများ၊ လက်တွေ့ပိုးမွှားပေါင်းစုံ ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများက ဆက်လက်သင်တန်းပို့ချသည်။

ယခုနှစ် အမရပူရမြို့နယ်တွင် နွေစပါးစိုက်ဧက ၁၁၀၀၆ ဧကလျာထားရာ ပျိုးထောင်ပြီးဧက ၁၀၄၆၇ ဧကရှိပြီး စိုက်ဧက ၂၂၂၃ဧက ပြီးစီးကြောင်း သိရသည်။ **(၂၀၉)**

## တရားပြရိပ်သာဆောက်ရန်

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် တရားပြရိပ်သာ ဆောက်လုပ်ရန်အတွက် အမှတ် (၇၁၂) ငမိုးရိပ်(၃)လမ်း သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းတင်မိသားစုက အလှူငွေကျပ် ၃၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးကျော်ဦးက လက်ခံရယူစဉ်။ (က-ပ)

## ပဲခူးရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ပဲခူး မတ် ၂၀

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၄ ရက် (ဧပြီ ၇ ရက်မှ ဧပြီ ၁၆ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် သြဝါဒါစရိယ ဆရာတော်ကြီး ငါးပါးထံမှ ဧပြီ ၇ ရက် ညနေ ၅ နာရီခွဲတွင် ပရိတ်တရားတော်နာယူ၍ ပွဲတော်ကို ဖွင့်လှစ်မည်ဖြစ်ပြီး တန်ခူးလဆန်း ၁၄ ရက်တွင် ရင်ပြင်တော်ပေါ်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ တစ်နေ့တာ ဓမ္မပူဇနိယပွဲကျင်းပခြင်း၊ တန်ခူးလပြည့်နေ့တွင် စေတီတော်မြတ်ကြီးအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ တန်ခူးလပြည့်နေ့ ညနေ ၃ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ တန်ခူးလပြည့်ကျော် ၅ ရက်တွင် ကုသိုလ်ကောင်းမှု အစုစုကို ရေစက်ချမင်္ဂလာကျင်းပပြီး စေတီတော်မြတ်ကြီးအား ညလုံးပေါက် မီးပူဇော်မည်ဖြစ်သည်။

အဆိုပါ ပွဲခင်းအတွင်းရှိ ဈေးဆိုင်ခန်းပေါင်း ၂၀၀ ကျော်တို့တွင် ပြည်နယ်နှင့် တိုင်းများမှ ထုတ်လုပ်သော မြန်မာ့ရိုးရာပစ္စည်းများ၊ စက်ရုံအလုပ်ရုံထုတ် လူသုံး၊ အိမ်သုံးပစ္စည်းများကို မတ် ၂၈ ရက်မှ ဧပြီ ၂၆ ရက်အထိ တစ်လရောင်းချမည်ဖြစ်ကြောင်း သိရသည်။ (၁၇၃)

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ ရွှေအင်ကြင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး စောမျိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စိုးစိုးငြိမ်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

## မြို့နယ် သတင်းများ

## ချို့တဲ့ကျောင်းသားများ ပညာသင်ထောက်ပံ့ငွေပေးအပ်

ကညွတ်ကွင်း မတ် ၁

ကညွတ်ကွင်းမြို့၌ ပညာရည်မြှင့်တင်ရေးကော်မတီသို့ ချို့တဲ့ကျောင်းသားများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကညွတ်ကွင်း ကွင်းနောက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပညာထူးချွန်ကြသော ချို့တဲ့ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ် တက်ရောက်နေကြသူများအတွက် ငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းကို မန္တလေးမြို့မှ ဒို့ညီနောင်ဘွားကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဘကျော်နှင့် ဦးအေးလွင်တို့က လှူဒါန်းရာ ပညာရည်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဆရာဦးတင်စိန်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးကျော်မြင့်တို့က လက်ခံယူကြပြီး **(အောက်ပုံ)** ကွင်းနောက်ဥက္ကဋ္ဌ ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၇၆)**

## တာချီလိတ် ပြည်သူ့ဆေးရုံကြီးသို့ ပရိုဂျက်တာလှူဒါန်း

တာချီလိတ် မတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် L.C.D. Projector တစ်စုံ ပေးအပ်လှူဒါန်းပွဲကို မတ် ၄ ရက် အဆိုပါပြည်သူ့ဆေးရုံ ခန်းမတွင် ကျင်းပသည်။

**လှူဒါန်း**

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စံပြရွှေငါးကုမ္ပဏီလီမိတက် မိသားစု လှူဒါန်းသည့် ၂၈သိန်း တန်ဖိုးရှိ L.C.D. Projector တစ်စုံအား မန်နေဂျင်းဒါရိုက်တာ ဦးအာဝါး (ခ) ဦးထွန်းဝင်းက ပေးအပ်လှူဒါန်းရာ ခရိုင်ကျန်း မာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်မောင်ယုက လက်ခံရယူပြီး **(အောက်ပုံ)** ခရိုင်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တာလေမြို့တွင် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကျော်ကျော်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးထိုက်တို့နှင့်အတူ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဖေဖော်ဝါရီ ၂၇ရက်က ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ကြစဉ်။ (မြို့နယ် စည်ပင်)

## အသောကာရုံ ရွှေကျင်စာသင်တိုက် ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

အင်းစိန်မြို့ စော်ဘွားကြီးကုန်း ရပ်ကွက် အသောကာရုံ ရွှေကျင်စာသင်တိုက်၌ မဟာစည် နည်းကျ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဒုတိယအကြိမ် ၁၀ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ဧပြီ ၁၇ ရက်အထိ ရွှေတောင်ကုန်း သြဝါဒါစရိယ ဆရာတော်ကြီးက ဦးဆောင်ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဧပြီလ ၇ရက် နောက်ဆုံးထား၍ အသောကာရုံ ဆရာတော် ဖုန်း-၆၅၁၅၂၀သို့ စာရင်းပေးသွင်းပြီး ဧပြီ ၈ရက် ည ၇နာရီမှစ၍ ကမ္မဋ္ဌာနာစရိယဆရာတော်များ နယ်လှည့် ဓမ္မကထိက ဆရာတော်များနှင့် ရွှေတောင်ကုန်း ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ်ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဆိုင်းဘုတ်သစ်

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ ဆိုင်းဘုတ်သစ် ပြုလုပ်နိုင်ရေးအတွက် မတ် ၁၂ ရက်က ကိုရီးယားရောက် မြန်မာလူငယ်အဖွဲ့က အလှူငွေကျပ် ၃၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီက လက်ခံရယူစဉ်။ (မြို့နယ် ပြန်/ဆက်)

## မိုးကြိုဂုန်လျှော် / ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။**

## မြန်မာ့အသံ

၂-၄-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဓဇဂ်သုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်းမှ ငါးလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ)

၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (တစ်နေ့တစ်မျိုးမရိုးအောင်ပင် မေ့ဖက်ရှင်)

၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (မာနပုံပြင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ပန်းချင်းရယ်မှ မတူပါလေ)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(မန္တလေးမြို့က ရွှေခြည်ထိုးလုပ်ငန်း)

**ညနေပိုင်း**

၁၇း၀၀ တေးသံစုံ (အားသစ်မာန် တေးဂီတအဖွဲ့မှ တေးသံစုံ)

၁၇း၁၅ မြန်မာ့မူဟန် ဓာတိမာန် ဟောပြောချက် (ကိုယ့်ထူးကိုယ်ချွန် စိတ်ကိုပျိုးထောင်ခြင်း) (ညွှန့်ဟံ-ကြူတော)

၁၇း၃၀ သူ့အလှည့် (မကြည်အောင်)

၁၈း၄၅ အားယုနှင့် သာခုဆွေးနွေးခန်း

၁၉း၁၅ မေတ္တာလက်ဆောင်ရ သကြိန်တေးစီးရီး(နာဆာတေးထုတ်လုပ်ရေးမှမေတ္တာလက်ဆောင်ပေးပို့သည့် နွေဦး၏ လတန်ခူးစီးရီး)

၂၀း၃၀ အင်္ဂလိပ်စကားပြော သင်ခန်းစာ (English Lesson Working Knowledge)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့ ဆောက်လုပ်ရေးအတွက် အမှတ် (၈၃) လှည်းတန်းလမ်း လမ်းမတော်မြို့နယ် နေ မိခင်ကြီးဒေါ်လှရွှေအား အမှူးထား၍ ဦးအန်းတူး ၊ ဒေါ်ကြင်တင့်၊ သမီး မခင်မေဝင်း၊ သား ရန်နိုင်ဝင်း မိသားစုက ငွေကျပ် ၁၂၈၀၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာ ညိုညိုသိန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

# မြိတ်ခရိုင် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

မြိတ် မတ် ၂၃

**တနင်္သာရီတိုင်း မြိတ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် သုတရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက် ၁၀နာရီက မြိတ်မြို့ ကျွန်းရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က အမှာစကားပြောကြားပြီး စာပေဒါန အလှူရှင် ဦးစံတင်အောင် (ရွှေဘို) က မြိတ်ခရိုင်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစံတင်အောင်(ရွှေဘို) က တန်ဖိုးငွေကျပ် ၆၃၁၀၀ တန်ဖိုးရှိ သုတရသစာအုပ်များပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(ခရိုင်ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးဆိုင်ရာပညာပေးဟောပြော၊ အမျိုးသမီးရေးရာအကြောင်း ရှင်းလင်း

**ကွမ်းလုံ မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေး အဖွဲ့ခေါင်းဆောင် ဒေါ်နန်းသိင်္ဂီယဉ်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ရက်က ကွမ်းလုံခရိုင်သို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ရက်က လောက်ကိုင်ခရိုင်သို့ လည်းကောင်း စည်းရုံးရေး ကွင်းဆင်းဆောင်ရွက်ပြီး ကွမ်းလုံနှင့်လောက်ကိုင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့များ၏ နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

ယင်းကဲ့သို့ ကွင်းဆင်း စည်းရုံးရေးဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဒေါ်နန်းသိင်္ဂီယဉ်က အမျိုးသမီးရေးရာ အကြောင်း ရှင်းလင်းပြီး အတွင်းရေးမှူး ဒေါ်မိုမိုအေးက ဘဏ္ဍာရေး ဆိုင်ရာ ကိစ္စများ ရှင်းလင်း ဆွေးနွေးသည်။

### ပညာပေးဟောပြော

ထို့နောက်အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင်ဒေါ်မိုးမိုးခိုင်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာများ ပညာပေး ဟောပြောပြီး ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာ နန်းကိန်ဖောင်းတစ်က ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

**(အမျိုးသမီးရေးရာ)**

### စုပေါင်းပျိုးထောင်

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗဟိုပျိုးဥယျာဉ်ဝင်းအတွင်း၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ ၅၀၀၀၀ စုပေါင်းပျိုးထောင်မှုကို မတ် ၁၅ ရက်က ညွှန်ကြားရေးမှူးဦးတင်ချို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**

(ပြည်နယ်စည်ပင်)

# စစ်တုရင်နှင့် ပိုက်ကျော်ခြင်းဗိုလ်လုပွဲ တောင်ကြီး၌ ဆုချီးမြှင့်

**တောင်ကြီး မတ် ၂၈**

တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မတ် ၂၃ရက် မွန်းလွဲ ၂နာရီက ပြည်နယ်အားကစားကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်၊ ခရိုင်အသင်းအတွင်းရေးမှူးဦးစိန်လေးမောင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဦးစောနေမင်းထွန်း၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ ဧည့်သည်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်တုရင်ပြိုင်ပွဲတွင် ဦးပီတာ(အေးသာယာ-၈)က ပထမ၊ ဦးစိုင်းလုံ(ရတနာသီရိ)က ဒုတိယ၊ဦးအောင်ကျော်မိုး(မြို့မ)က တတိယနှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကံသာရပ်ကွက်အသင်းက ပထမ၊ ရှုဘီအသင်းက ဒုတိယ၊ရတနာသီရိရပ်ကွက် (ဂ) အသင်းက တတိယနှင့် နှစ်သိမ့်ဆုများကို ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ) (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

# ဝိုင်အမ်ဘီအေ နှစ်(၁၀၀)ပြည့်ပွဲ အထိမ်းအမှတ် ဆောင်းပါးကဗျာပြိုင်ပွဲ

**ရန်ကုန် မတ် ၃၁**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း( YMBA)နှစ်(၁၀၀)ပြည့်ပွဲအထိမ်းအမှတ်အဖြစ် ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲကို ကျင်းပရန်စီစဉ်ထားရာ (က) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း( YMBA) နှစ်(၁၀၀)ခရီး၊ (ခ) နှစ်(၁၀၀)ခရီးနှင့် ( YMBA)ဗုဒ္ဓကလျာဏယုဝအသင်း၊ (ဂ)အမျိုး၊ ဘာသာ၊သာသနာ၊ပညာ၊ နှစ်(၁၀၀)ပြည့် ( YMBA)ဟုခေါင်းစဉ်သုံးခုမှ ပြိုင်ပွဲဝင်သူများသည် ကြိုက်နှစ်သက်ရာတစ်ခုကို ရွေးချယ်ရေးသားပြိုင်ပွဲဝင်နိုင်ပြီး လေးလုံးစပ်ကဗျာတွင် စာလုံးရေ ၁၀၀၀ ပါဝင်သည့် လေးလုံးစပ်ကဗျာဖြစ်ရန်နှင့် ဆောင်းပါးတွင် စာလုံးရေ ၁၀၀၀၀ အတွင်းရေးသားရန် သတ်မှတ်ထားပြီး ပြိုင်ပွဲကိုမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်၍ ဆောင်းပါးကဗျာ(လက်နှိပ်စက်စာမူ)များကို ဧပြီ ၂၂ရက် (စနေနေ့)နောက်ဆုံးထား၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ( YMBA) အမှတ် ၇၇ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်သို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

# ရှင်းလင်းတင်ပြ

**ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးတွင် ဆောင်ရွက်သော မင်းတန်းလမ်းကတ္တရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မတ် ၁၁ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၃)ဒေါ်ဥမ္မာစောတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ပေါက်တောမြို့နယ်၌ ပညာ၊ ကျန်းမာနှင့် စိုက်ပျိုးရေးဆွေးနွေး

**စစ်တွေ မတ် ၁၀**

စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစံဌေးသည် ခရိုင်မြေစာရင်း ဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိတို့နှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက်က ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး စိုက်ပျိုးရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရေး စသည်တို့ကို အသေးစိတ် ဆွေးနွေးမှာကြားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ် အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်မည်

**ရန်ကုန် မတ် ၃၁**

တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ်အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက် (၆၀)ပြည့်ပြီး အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက တတိယ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ပထမပတ်တွင် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ပူဇော်ကြရန်နှင့် အဆိုပါ ပူဇော်ပွဲသို့ လှူဒါန်းလိုသူ အလှူရှင်များ ဗိုလ်မှူးကြီးအောင်ချစ် (ငြိမ်း) ဖုန်း-၆၉၉၀၄၇၊ ဦးအောင်သောင်း (ပါမောက္ခ-ငြိမ်း) ဖုန်း-၅၀၅၅၀၂၊ ဦးဟန်မြင့် ဖုန်း-၆၉၀၀၀၃၊ ဦးစိုးမောင် ဖုန်း-၆၆၆၉၃၄၊ ဦးသိန်းအောင် ဖုန်း-၃၈၀၆၄၀ နှင့် ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁၅၆၅၊ ၅၇၇၀၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# (၇၃) ကြိမ်မြောက်သွေးလှူဒါန်း

**ရန်ကုန် မတ် ၃၁**

တေးသံရှင် မျိုးထက် (လူမှုထူးချွန်ဒုတိယဆင့်)**(အပေါ်ပုံ)**သည် မတ် ၂၃ရက်က ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင် (၇၃) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

# တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန် မတ် ၃၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းသို့ရောက်ရှိလာပြီး ဦးချစ်မောင်လမ်းအား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

## လိုအပ်သည်များမှာကြား

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းအား ကွန်ကရစ်

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# မိုင်မြန်မာယူနီကုတ်စနစ် စတင်ဖြန့်ချိ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင် တီထွင်ထားသော My Myanmar Unicode System (Unicode Version 4.1) ကို အများပြည်သူများ အသုံးပြုနိုင်ရန်အတွက် ဧပြီ၁ရက် **(ယနေ့)** မှစ၍ စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●

# တပ်မတော်နေ့ပြပွဲ ဆဋ္ဌမနေ့ ကျောင်းသားကျောင်းသူများကြည့်ရှုလေ့လာ

**ရန်ကုန် မတ် ၃၁**

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများကို ယနေ့နံနက်၉နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ပြသထားရာ ရပ်ကွက်ရှင်လူ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■

**မဒေးရေလှောင်တမံစီမံကိန်းတွင် သံကူကွန်ကရစ် ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုမြင်ကွင်းကို မတ်၂၃ရက်က ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

# ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန် မကွေးတိုင်း ကံမမြို့နယ်၌ မဒေးရေလှောင်တမံကို တည်ဆောက်လျက်ရှိ

ကွင်းဆင်းရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်းတင်–သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် မတ် ၃၁**

တပ်မတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၏ အခြေခံကျသည့် ဆည်မြောင်းတာတမံ ၁၈၄ခုကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

## လူမှုစီးပွား

နိုင်ငံတော်၏စေတနာကြောင့် နိုင်ငံအနှံ့အပြား ရေရှားပါးသည့်ဒေသများတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ခဲ့ပြီဖြစ်သည်။

## သီးထပ်သီးညှပ်

ယခင်ကသောက်သုံးရေ အခက်အခဲရှိသည့်ဒေသများပင် ယခုအခါ သောက်သုံးရေဖူလုံသည့်အပြင် သီးထပ်သီးညှပ်များ စိုက်ပျိုးလာနိုင်မှုကြောင့် တစ်သီးစားမှ နှစ်သီးစားနိုင်ခဲ့ကြပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ရေလှောင်တမံစီမံကိန်းတစ်ခုကို မကွေးတိုင်း ကံမမြို့နယ်၌ထပ်မံ တည်ဆောက်လျက်ရှိသည်။ ယင်းရေလှောင်တမံ၏အမည်မှာ **မဒေးရေလှောင်တမံ** ပင်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✻

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ မကွေးတိုင်း ကံမမြို့နယ် ပုသိမ်–မုံရွာ ကားလမ်းမကြီးအနောက်ဘက် ကြို့ပင်ရွာအနီး မဒေးချောင်းကို ပိတ်၍ မဒေးရေလှောင်တမံစီမံကိန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို မတ်၂၃ရက်က ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

1-4 (20).p65 1 1/2/32, 3:10 PM